# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၁၇ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၂၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် မေ ၁၆

၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C) ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊


*စာမျက်နှာ ၃ ကော်လံ ၁ ➜*





# အဖိုးတန်ရေ ခြိုးခြံချွေတာ

လူနှင့်သက်ရှိဇီဝတို့ ရှင်သန်နေထိုင်ရာ ကမ္ဘာကြီး၏ မျက်နှာပြင် ၇၀ ရာခိုင်နှုန်းကို ရေများဖြင့် ဖုံးလွှမ်းထားခြင်းဖြစ်ရာ ရေကမ္ဘာကြီးဟုပင် ဆိုနိုင်သည်။ သို့ဆိုစေကာမူ ၉၇ ရာခိုင်နှုန်းသော ရေအများစုသည် ပင်လယ်ရေငန်များဖြစ်ပြီး သောက်နိုင်သုံးနိုင်သော ရေချိုပမာဏမှာမူ ၃ ရာခိုင်နှုန်းမျှသာဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင်ရှိသော ရေချိုသယံဇာတတို့မှာ အလွန်အကျွံသုံးစွဲမှု၊ လူ့ပယောဂကြောင့် ညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် လျော့နည်းရှားပါးလာလျက်ရှိရာ လာမည့် ၂၀၅၀ ပြည့်နှစ်သို့ ရောက်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံအများစုပါဝင်သော ကမ္ဘာ့နိုင်ငံပေါင်း ၆၅ နိုင်ငံမှ လူဦးရေသန်းပေါင်း ၇၀၀၀ ခန့်(ထိုအချိန်ကာလတွင်ရှိလာမည့် ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်)မှာ ရေရှားပါးမှုအန္တရာယ်ကို ရင်ဆိုင်ကြရနိုင်သည်ဟု ခန့်မှန်းချက်လည်းရှိနေသည်။

မြန်မာနိုင်ငံသည် သဘာဝရေအရင်းအမြစ်ကြွယ်ဝသည့်နိုင်ငံဖြစ်သော်လည်း သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့်နေရာဒေသများစွာရှိနေသည်။ ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သည့် နွေကာလတွင် သောက်သုံးရေရှားပါးမှုကြောင့် တောင်ပေါ်၊ မြေပြန့်၊ မြစ်ဝကျွန်းပေါ် စသည်ဖြင့် ဒေသအမျိုးမျိုးတို့တွင် ရေကူ၊ ရေလှူနေရသည်ကို တွေ့ရသည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အပါအဝင် မြို့ကြီးများတွင်မူ ရေအလှူပေးရသည့် သတင်းမျိုးမတွေ့ရသော်လည်း ရေပြဿနာရှိနေသည်သာဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ယူနီဆက်ဖ်တို့ ပူးတွဲလေ့လာတွေ့ရှိချက်အရ မြန်မာနိုင်ငံတွင် မြို့နေသူတို့၏ ၉၃ ရာခိုင်နှုန်းသည် ပိုမိုကောင်းမွန်သော ရေရရှိရန်နှင့် ၉၇ ရာခိုင်နှုန်းသည် ပိုမိုကောင်းမွန်သောသန့်ရှင်းမှု လိုအပ်လျက်ရှိသည်ဟု ဆိုသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့ကြီးများတွင် နေထိုင်သူများ၏ ၃၀ ရာခိုင်နှုန်းခန့်သည် သန့်ရှင်းသောရေ မရရှိကြောင်းနှင့် ၅၀ ရာခိုင်နှုန်းသည် လုံလောက်သော သန့်ရှင်းမှုကို မရကြောင်း လေ့လာချက်များလည်းရှိနေရာ ရေအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ပိုက်လိုင်းစနစ်များကို စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေမီတာများကို စနစ်တကျထိန်းသိမ်းကြရန် အကြံပြုထားသည်။ မြို့ကြီးများသို့ ရေဖြန့်ဝေရာတွင် ထက်ဝက်ကျော်ပမာဏမှာ ယိုဖိတ်ခြင်း (Leakage) ကြောင့် ပျောက်ဆုံးသွားရကြောင်း၊ တစ်ဖက်တွင်လည်း ရေဖိုးကောက်ခံရာတွင် အားနည်းချက်များကြောင့် အခကြေးငွေလည်း ဆုံးရှုံးရပြီး ရေပေးဝေမှုစနစ်ကို တိုးချဲ့ဆောင်ရွက်ရန်၊ အဆင့်မြှင့်တင်နိုင်ရန် အခက်အခဲများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ရေသုံးစွဲသူများက သတိပြုရန်အချက်မှာ ရေကို အလဟဿ မဆုံးရှုံးရန်၊ မဖြုန်းတီးမိစေရန်အတွက် သတိပြုထိန်းသိမ်းကြရန်၊ လိုအပ်သလောက်သာ သုံးစွဲရန်ဖြစ်ပြီး ရေပေးဝေမှုအတွက် ကျသင့်သည့်အဖိုးအခများကို မှန်မှန်ကန်ကန် ပေးဆောင်ကြရန်ဖြစ်သည်။ သို့မှသာ လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု၊ တိုးချဲ့ဖြန့်ဝေမှုတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။ ရေချိုသုံးစွဲမှုတွင် စိုက်ပျိုးရေးကဏ္ဍအတွက် သုံးစွဲမှုရေပမာဏမှာ စုစုပေါင်းသုံးစွဲမှု၏ ၇၀ မှ ၈၀ ရာခိုင်နှုန်းခန့်အထိရှိရာ မြို့ပြများတွင်သုံးစွဲမှုထက် အဆများစွာပိုသည်။ သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးအတွက် ရေကိုဆည်မြောင်းစနစ်များမှ ရယူခြင်း၊ မြေအောက်ရေ ထုတ်ယူခြင်းတို့ပြုလုပ်ရာတွင် လိုအပ်သလောက်သာသုံးစွဲရန်နှင့် ထိထိရောက်ရောက်သုံးစွဲရန်၊ အလေအလွင့်မဖြစ်အောင် ဂရုစိုက်သုံးစွဲကြရန်လိုသည်။

နိုင်ငံတော်က ရေရှားပါးသည့်ဒေသများတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေသွယ်တန်းပေးခြင်း၊ အဝီစိတွင်းများ တူးဖော်ပေးခြင်း၊ ဆည်တာတမံများ ဆောက်လုပ်ထိန်းသိမ်းပေးခြင်း၊ မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်ပေးခြင်း၊ မြေအောက်ရေထိန်းတမံများ ဆောက်လုပ်ပေးခြင်း စသည့် ရေရရှိနိုင်မည့်နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြနေထိုင်သူများရော ကျေးလက်နေထိုင်သူများပါ အဖိုးတန်သည့်ရေကို အကျိုးမဲ့ အဟောသိကံမဖြစ်အောင် ချွေတာသုံးစွဲထိန်းသိမ်းကြရပါမည့်အကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေသွယ်ကြည် ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၁၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## မူဆယ်မြို့၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

မူဆယ် မေ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ သစ်တောဦးစီးဌာန၌ ယနေ့ နံနက် ၁၁ နာရီက သစ်တောသစ်ပင်နှင့် ဇီဝမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲကျင်းပသည်။ (ယာပုံ)



ရှေးဦးစွာ မူဆယ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်သက်က သစ်တောသစ်ပင်နှင့် ဇီဝမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်ဦးစီးမှူး ဦးမျိုးစည်သူအေးက သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကြောင်းအရာများ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အကြောင်းအရာများကို ဟောပြော ဆွေးနွေးကြသည်။ ထို့ပြင် သစ်တောဦးစီးဌာန၏ ရွှေသမင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် သစ်ပင်များအကြောင်းကို တောအုပ်ဦးမျိုးသန်းထိုက်က ကျောင်းသားကျောင်းသူများအား ရှင်းလင်းပြသသည်။ ဟောပြောပွဲတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး သိရှိလိုသည်များ မေးမြန်းခြင်း၊ ပျိုးဥယျာဉ်အတွင်း လေ့လာခြင်းဆောင်ရွက်ပြီး ချယ်ရီ၊ ခါတော်မှီ၊ ထင်းရှူးပင်များ စိုက်ပျိုးနိုင်ရန် တာဝန်ရှိသူများက ပျိုးပင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**

## ပေါင်းတည်၌ ကျောင်းအပ်နှံရေးဆိုင်ရာ သီတင်းပတ်လှုပ်ရှားမှု မြေစိုက်ပိုစတာစိုက်ထူ

ပေါင်းတည် မေ ၁၆

ပေါင်းတည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံနိုင်ရေးဆိုင်ရာ သီတင်းပတ်လှုပ်ရှားမှု မြေစိုက်ပိုစတာ စိုက်ထူပွဲကို မေ ၁၅ ရက်က လူစည်ကားရာ ဈေး(၁) ရပ်ကွက်(၁) လမ်းထိပ်၊ မြို့နယ် ထွေ/အုပ်ရုံးရှေ့၌ ပြုလုပ်သည်။ **(အောက်ဝဲပုံ)**



ထိုသို့ မြေစိုက်ပိုစတာစိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး (ပညာ) ဦးကျော်မိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်နော်ဆဲပွယ်ဖော၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာ အသင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခိုင်မာလွင်နှင့် အသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိများ တက်ရောက်ကြပြီး ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာအား အောင်သပြေခက်ဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး သီတင်းပတ်မှာ မေ ၂၃ ရက်မှ ဇွန် ၂ရက်အထိဖြစ်ကြောင်း ကျောင်းနေအရွယ်ကလေးများအားလုံးအခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ ဆောင်ပုဒ်နှင့်အညီ မိဘများကကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံရမည့်ရက်များကို သိရှိနိုင်ရန် ရည်ရွယ်၍ စိုက်ထူခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား ၁၃၀၀ ကျော် ခေါ်ယူမည်

ရန်ကုန် မေ ၁၆

ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၁၃၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက မေ ၁၅ ရက်တွင် ထုတ်ပြန်ထားသည်။ မြန်မာသံရုံးအနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာ လက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၀၆ ခုနှင့် ပတ်သက်သည့် အချက်အလက်များအား အသိပေးထုတ်ပြန်ရာတွင် အထက်ပါအချက်များ ပါဝင်ခြင်းဖြစ်သည်။ အဆိုပါထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၄၅၀ ကျော်၊ အမျိုးသမီး ၈၉၀ ကျော် စုစုပေါင်း ဦးရေ ၁၃၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ ( Demand Letter ) များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်း အထောက်အထားများစိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီ ၃၀ ရက်ကလည်း မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာ လက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်၊ မတ် ၁၉ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၀၈ ခုနှင့် ပတ်သက်သည့် အချက်အလက်များအား အသိပေးထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၁၁၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထုတ်ပြန်ခဲ့သည်။

ထို့အတူ ပြီးခဲ့သည့် ဧပြီ ၁၂ ရက်ကလည်း အလုပ်ကမ်းလှမ်းစာ ၄၀၃ ခုနှင့် ပတ်သက်သည့် အချက်အလက်များအား အသိပေးထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၃၃၀ ကျော်၊ အမျိုးသမီး ၉၄၀ ကျော် စုစုပေါင်း ဦးရေ ၁၂၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။ **MT**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

❍ ရှေ့ဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှအားကစားအသင်းများ အလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### အနိုင်ရရှိ

ဦးစွာ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ (အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေး ယှဉ်ပြိုင်ခဲ့ကြပြီးမန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဘော်လီဘောပြိုင်ပွဲ (အမျိုးသမီး) တွင် အကောင်းဆုံး အားကစားသမားဆု ရရှိသူများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဘော်လီဘောပြိုင်ပွဲ (အမျိုးသမီး) တွင် အကောင်းဆုံးအားကစားသမားဆု ရရှိသူများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။

### အကြိတ်အနယ်ယှဉ်ပြိုင်

ဆက်လက်ပြီး ဘော်လီဘောပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့်အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်ဖိအားပေး အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြပြီး ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲ - ၁ ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဘော်လီဘောပြိုင်ပွဲ (အမျိုးသမီး) တွင် အကောင်းဆုံး အားကစားသမားဆု ရရှိခဲ့ကြသူများကို *စာမျက်နှာ ၄ သို့*



ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား ချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းအား ချီးမြှင့်ငွေ ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်းတို့က လည်းကောင်း၊ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိခဲ့ကြသူများကို ကောင်စီဝင်များဖြစ်ကြသည့် ခွန်စံလွင်၊ ဒေါက်တာဘရွှေ၊ ဒေါက်တာမှူထန်တို့က လည်းကောင်း ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့အား ကောင်စီဝင် ပိုးရယ်အောင်သိန်း ကလည်းကောင်း၊ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့အား ကောင်စီဝင် ဒေါ်ဒွဲဘူကလည်းကောင်း၊ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

**တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသည့်

*စာမျက်နှာ ၅ သို့*

**“ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဘော်လီဘော အားကစားသမားများ ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရန်၊ နိုင်ငံ့လက်ရွေးစင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဘော်လီဘောအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ မေ ၇ ရက်မှ ၁၆ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၂ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ ”**

# မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၃ / ၂၀၂၄)**
**၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်**
**( ၂၀၂၄ ခုနှစ်၊ မေလ ၁၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က) တွင် ပါရှိသော **"ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ကို **"ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာအမျိုးသားလေကြောင်းဥပဒေ အခန်း ၄ တွင် –

(က) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် –
**"မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းအမျိုးအစားများနှင့် ဆောင်ရွက်နိုင်သည့် နည်းလမ်းများ"**

( ခ ) ပုဒ်မ ၇ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်းအစားထိုးရမည်–
"(ဆ) **ပြည်တွင်းပြည်ပမှ လေယာဉ်နှင့်လေယာဉ်၏ ဆက်စပ်ပစ္စည်းများ** ဝယ်ယူခြင်း၊ အငှားဝယ်စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ **ငှားရမ်းလုပ်ကိုင်ခြင်း၊** ရောင်းချခြင်း၊"

( ဂ ) ပုဒ်မ ၇ ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

(ဃ) **မူလပုဒ်မခွဲ (ဈ) နှင့် (တ) တို့ကို ပုဒ်မခွဲ (ဃ) နှင့် (ဈ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။**

( င ) ပုဒ်မ ၇ ၏ နောက်တွင် ပုဒ်မ ၈ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–
"၈။ မြန်မာအမျိုးသားလေကြောင်းသည် မြန်မာအမျိုးသားလေကြောင်း၏ မတည်ငွေများနှင့် အများပြည်သူတို့၏အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သောကော်ပိုရေးရှင်းအဖြစ်လည်းကောင်း၊ ကုမ္ပဏီအဖြစ် လည်းကောင်း ဖွဲ့စည်းတည်ထောင်ပြီး မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ကုမ္ပဏီ၏အများစု အစုရှယ်ယာသည် နိုင်ငံတော်ပိုင် အစုရှယ်ယာ ဖြစ်ရမည်။"

၄။ မြန်မာအမျိုးသားလေကြောင်းဥပဒေ မူလပုဒ်မ ၈ ကို ပုဒ်မ ၉ အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

၅။ ပြန်လည်အမှတ်စဉ်ထားသော ပုဒ်မ ၉ ၏ နောက်တွင် ပုဒ်မ ၁၀ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–
"၁၀။ စီမံခန့်ခွဲရေးအဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ ဖြစ်သည်ဟု မှတ်ယူရမည်။"

၆။ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ ၁၄ ကို ပယ်ဖျက်ရမည်။

၇။ မြန်မာအမျိုးသားလေကြောင်းဥပဒေ ပုဒ်မ ၁၇ တွင် –

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် –
"(က) မြန်မာအမျိုးသားလေကြောင်းသည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာန၏ ကြိုတင်သဘောတူညီချက်ဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များရယူခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ၏နောက်တွင် ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –
"(င) ပြည်တွင်းပြည်ပမှ **လေယာဉ်နှင့်လေယာဉ်၏ ဆက်စပ်ပစ္စည်းများ** ဝယ်ယူခြင်း၊ အငှားဝယ်စနစ်ဖြင့်ဆောင်ရွက်ခြင်း၊ **ငှားရမ်းလုပ်ကိုင်ခြင်း၊** ရောင်းချခြင်း၊"

၈။ မြန်မာအမျိုးသားလေကြောင်းဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–
"(ဂ) မြန်မာအမျိုးသားလေကြောင်း၏ အကျိုးစီးပွားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာစေပါက၊ ကျူးလွန်သည့် ဝန်ထမ်းအား မြန်မာအမျိုးသားလေကြောင်း၏ ဝန်ထမ်းလက်စွဲနှင့်အညီ အရေးယူအပြစ်ပေးနိုင်သည့်အပြင် ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုနိုင်သည်။"

၉။ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ ၂၃ ကို ပယ်ဖျက်ရမည်။

၁၀။ မြန်မာအမျိုးသားလေကြောင်းဥပဒေ မူလပုဒ်မ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ တို့ကို ပုဒ်မ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ နှင့် ၂၃ တို့အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

( ပုံ )
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းအား ချီးမြှင့်ငွေ ပေးအပ်စဉ်။**

*စာမျက်နှာ ၄ မှ*

ရှမ်းပြည်နယ်အသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဘော်လီဘော အားကစားသမားများ ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရန်၊ နိုင်ငံ့လက်ရွေးစင်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဘော်လီဘောအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ မေ ၇ ရက်မှ ၁၆ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၂ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဘောလုံးအားကစား ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရန် မြန်မာနှင့်ဆော်ဒီအာရေဗျ ဘောလုံးအဖွဲ့ချုပ်တို့ MoU လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) နှင့် ဆော်ဒီအာရေဗျ ဘောလုံးအဖွဲ့ချုပ်(SAFF) တို့သည် ဘောလုံး တိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှု စာချွန်လွှာ (MEMORANDUM OF UNDER–STANDING–MoU) လက်မှတ်ရေးထိုးခြင်းကို မေ ၁၅ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Bangkok Marriott Marquis Queen's Park ဟိုတယ်၌ ပြုလုပ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဆော်ဒီအာရေဗျဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Yasser Al Misehal၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (အကြီးတန်း) ဦးပြည့်ဖြိုးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ ဆော်ဒီအာရေဗျ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Ibrahim Alkassim၊ တွဲဖက်အထွေထွေအတွင်းရေးမှူး Mr. Majed Al Sahib၊ အကြီးတန်း အကြံပေးအရာရှိ Mr. Hicham El Amrani တို့ တက်ရောက်သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဆော်ဒီအာရေဗျဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Yasser Al Misehal တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး MoU ရေးထိုးခြင်းကြောင့် လက်ရွေးစင်အသင်းများ စခန်းဝင်လေ့ကျင့်ရေးပြုလုပ်ခြင်း၊ လေ့ကျင့်ရေး နည်းစနစ်များနှင့် ဘောလုံးနည်းဗျူဟာများ အပြန်အလှန်ဖလှယ်ခြင်း၊ လူငယ်လက်ရွေးစင်အသင်းများ၊ အမျိုးသမီးနှင့် ဖူဆယ်လက်ရွေးစင်အသင်းများ၊ ကလပ်အသင်းများအကြား Football Calendar ချိန်ဆ၍ ခြေစမ်းပွဲများ စီစဉ်ခြင်း၊ လိဂ်ပြိုင်ပွဲများ စီမံခန့်ခွဲမှုများနှင့် ကစားသမားများ ဖွံ့ဖြိုးတိုးတက်ရေးနည်းစနစ်များ မျှဝေခြင်း၊ သင်တန်းများစီစဉ်ခြင်း အစရှိသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာ့ဘောလုံး အားကစားတိုးတက်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MoU ရေးထိုးခြင်းအပြီးတွင် အာရှဘောလုံး အဖွဲ့ချုပ် AFC Senior Vice President ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အစည်းအဝေး ဆက်လက်တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ မေ ၁၆ ရက်တွင်ကျင်းပမည့် (၃၄) ကြိမ်မြောက် အာရှဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်စ်၊ မေ ၁၇ ရက်တွင် ကျင်းပမည့် (၇၄) ကြိမ်မြောက် ဖီဖာ ကွန်ဂရက်စ်တို့ကို ဆက်လက် တက်ရောက်မည်ဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ – MFF**



# ပဲခူးတိုင်းဒေသကြီး "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားကျင်းပ

**ပဲခူး မေ ၁၆**

**ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" နှင့် "နိုင်ငံ့အကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်" ဗီဒီယို Clip တို့ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် လူငယ်လူရွယ်များအနေဖြင့် စာပေကို အလေးထား၊ တန်ဖိုးထားပြီး အမြဲမပြတ် လေ့လာဖတ်ရှုကြစေလိုကြောင်း၊ စာပေဖတ်ရှုခြင်း အလေ့အထမှ အသိဉာဏ်ပညာ ရင့်သန်လာပြီး အမှားနှင့် အမှန်၊ အဖြူနှင့် အမည်း၊ ဓမ္မနှင့် အဓမ္မကို ခွဲခြားသိမြင်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်များစွာ လိုအပ်ပြီး စာဖတ်သည့် တိုင်းပြည်သည် ပိုမိုလျင်မြန်စွာ တိုးတက်သည်ကို တွေ့ရှိနိုင်ပါကြောင်း။

စာဖတ်ရှိန် မြှင့်တင်ရေး ပွဲတော်များကို တက္ကသိုလ်အဆင့်၊ အခြေခံပညာ အဆင့်အလိုက် ကျောင်းများတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆက်လက်ကျင်းပသွားရန် ဖြစ်ပါကြောင်း၊ အဆိုပါ ပွဲတော်များတွင် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များ စသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများအဖြစ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျောင်းပိတ်ရက်များတွင် သက်ဆိုင်ရာ ကျောင်းများမှ ကျောင်းသူကျောင်းသားများသည် စာကြည့်တိုက်များသို့ တစ်နာရီခန့် အစုအဖွဲ့အလိုက် သွားရောက် စာဖတ်ကြစေလိုကြောင်း၊ အမြဲမပြတ် ဆောင်ရွက်ခြင်းအားဖြင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားလာမည်ဖြစ်ပါကြောင်း၊ လူငယ်များအတွက် စဉ်ဆက်မပြတ် သင်ယူလေ့လာနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်နိုင်ရန် ဖန်တီးပေးကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းစာတွင်သာမကဘဲ ဗဟုသုတ ငါးတန်နှင့်ပြည့်စုံသော ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ထူးချွန်ထက်မြက်သော လူငယ်များ ဖြစ်ရန် အမြော်အမြင်ရှိရမည်၊ မေတ္တာတရားရှိရမည်၊ ဆက်ဆံမှုကောင်းရမည်၊ သတ္တိရှိရမည်၊ အပြုသဘောမျိုး ဆောင်ရမည်၊ တီထွင်ဖန်တီးလိုသည့်စိတ် ရှိရမည်၊ ဇွဲလုံ့လရှိပြီး စိတ်အားထက်သန်မှုရှိရမည်ဆိုသည့် အချက်(၇) ချက်နှင့် ပြုမူကျင့်ကြံကြရန် လိုပါကြောင်း။

မေ ၉ ရက်က နေပြည်တော်ကောင်စီနှင့်ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ကျင်းပခဲ့ပြီး စေတနာရှင်၊ အလှူရှင်များက ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရေးနှင့် စာအုပ်စာစောင်များ လက်လှမ်းတမီ ထားရှိပေးနိုင်ရေး စာကြည့်တိုက် တစ်တိုက်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် စာကြည့်တိုက် အဆောက်အအုံ ၁၄၇ လုံးအတွက် ငွေကျပ်သိန်း ၂၂၀၅၀ ကို ပေးအပ်လှူဒါန်းခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မူလတာဝန်အပြင် စာကြည့်တိုက်လုပ်ငန်းများကို အလေးထား၍ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက်တစ်တိုက်အောင်မြင်အောင် ဆောင်ရွက်မည်ဆိုလျှင် စာကြည့်တိုက်အဆောက်အဦ၊ စာအုပ်စာစောင်များ၊ စာအုပ်ငှားရမ်းသူ၊ ရန်ပုံငွေ၊ စာကြည့်တိုက်မှူးဆိုသည့် အချက် ငါးချက်နှင့် ပြည့်စုံရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေ လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဲခူးတိုင်းဒေသကြီး အတွင်းရှိ စာကြည့်တိုက် ခြောက်တိုက်ပြန်လည်ပြင်ဆင် ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ နှင့် စာကြည့်တိုက်သုံးတိုက် အသစ်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၄၅၀ စုစုပေါင်း ငွေကျပ်သိန်း ၇၅၀ ကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် စာကြည့်တိုက်အသစ် ရှစ်တိုက်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၂၀၀ ကို လည်းကောင်း၊ ပဲခူးမြို့နယ်လုပ်ငန်းရှင်များအဖွဲ့၊ တိုင်းဒေသကြီး ဗီဒီယိုအခြေခံလုပ်ငန်းရှင်များအဖွဲ့၊ ပြည်မြို့နယ်လုပ်ငန်းရှင်များအဖွဲ့တို့က စာကြည့်တိုက်အသစ် သုံးတိုက်ဆောက်လုပ်ရန် ငွေကျပ်သိန်း၄၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူသည်။ **(ဝဲပုံ)**

ထို့နောက် ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ တေးသံရှင် ဝိုင်းလမင်းအောင်က "လူချွန်လူကောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အမျိုးသားစာပေဆုရှင် စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး)က စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာရည် တို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အခမ်းအနားတွင် သီဆိုဖျော်ဖြေခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

**တိုင်းဒေသကြီး(ပြန် / ဆက်)**




**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**



## မောက်မယ်မြို့နယ်၌ ၂၀၂၄ ခုနှစ် မြို့နယ်အဆင့် ကင်းထောက်လူငယ်သင်တန်းဖွင့်

**မောက်မယ် မေ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြုံတင်ကာကွယ်နိုင်ရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် ပြည်သူ့ အကျိုးပြုဆောင်ရွက်ရေး တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စည်းကမ်းကောင်းမွန်ပြီး စွမ်းရည်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၂၄ ခုနှစ် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်ရေးရာကော်မတီတို့ပူးပေါင်းဖွင့်လှစ်သည့် မြို့နယ်အဆင့် ကင်းထောက်လူငယ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အခြေခံပညာ အထက်တန်းကျောင်း (မောက်မယ်) နှင်းဆီဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အမှာစကားပြောကြားကာ ကင်းထောက်လူငယ် သင်တန်းသား၊ သင်တန်းသူများအား ကင်းထောက်လည်စည်း ပေးအပ်ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းလင်းအောင်က လူငယ်ကင်းထောက်သင်တန်း (သင်တန်းသား လက်စွဲစာအုပ်) များ ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ၊ဆရာမကြီးများ၊ကင်းထောက်နည်းပြဆရာ ဆရာမခြောက်ဦးနှင့် ကင်းထောက်လူငယ် သင်တန်းသား၊သင်တန်းသူ၄၀ တက်ရောက်ပြီး မေ ၁၃ ရက်မှ ၁၆ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# မြန်မာ - တရုတ်ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip- FAM Trip) တွင် လိုက်ပါလာကြသည့်ကိုယ်စားလှယ်များ နေပြည်တော် ဟိုတယ်လုပ်ငန်းဆိုင်ရာသင်တန်းကျောင်း၌ အမှတ်တရသစ်ပင်များစိုက်ပျိုး

**နေပြည်တော် မေ ၁၆**



မြန်မာ – တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip– FAM Trip) တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ အမှတ်တရ သစ်ပင်များ စိုက်ပျိုးကြရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဟိုတယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ – တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များကို ယခုခရီးစဉ်၏ အမှတ်တရအဖြစ် သစ်ပင်စိုက်ပျိုးခြင်းအစီအစဉ် ထည့်သွင်းပေးထားခြင်း ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ စိုက်ပျိုးထားခဲ့သော အပင်များကို နောင်လာမည့် နှစ်များတွင် လာရောက်ကြည့်ရှုနိုင်ရေးအတွက် ထပ်မံဖိတ်ခေါ်ပေးသွားမည် ဖြစ်ပါကြောင်း၊ အစိမ်းရောင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်ရာတွင် အားပေးကူညီပေးစေလိုသည့်အတွက် ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ ဆက်လက် သွားရောက်မည့် ခရီးစဉ်များတွင် ပျော်ရွှင်ပါစေကြောင်း ဆုမွန်တောင်းစကား ပြောကြားသည်။

ထို့နောက် (FAM Trip) ၏ ကိုယ်စားပြုသူ ကိုယ်စားလှယ်တစ်ဦးက သစ်ပင်စိုက်ပျိုးစောင့်ရှောက်မှုအတွက် နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌထံသို့ အလှူငွေပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ Sendai မြို့အခြေစိုက် Grape City ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်အဖွဲ့ကို ဝန်ကြီးဌာန၏ နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ခေတ်စနစ်နှင့် လျော်ညီသော ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဗီဒီယိုများ ရိုက်ကူးတည်းဖြတ်ရေးဆိုင်ရာကိစ္စ၊ website နှင့် social media များတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းမွန်သော ခရီးသွားအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် လွှင့်တင်ဖြန့်ဝေရေးဆိုင်ရာ ကိစ္စ၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ခရီးစဉ်ဒေသများအလိုက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများနှင့် အစားအစာများ မြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စ၊ နိုင်ငံတကာအစည်းအဝေးများတွင် မြန်မာနိုင်ငံကို ဆွဲဆောင်မှုရှိပြီး လည်ပတ်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ရမည်းသင်းမြို့နယ်ရှိ သမဝါယမအသင်းသား ဝါစိုက်တောင်သူများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ထန်းတောနှင့် ကြံပင်ကျေးရွာသို့ သွားရောက်ပြီး အသင်းသားတောင်သူ ၆၁ ဦး၏ လယ်မြေ ၂၀၂ ဧကတွင် B–31 ဝါမျိုး စိုက်ပျိုးထားသည့် ရွှေကြံပင် စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေး သမဝါယမအသင်းမှ ဝါစိုက်အသင်းသားတောင်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံကာ အထွက်တိုးမျိုးကောင်းမျိုးသန့်များနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ပံ့ပိုးပေးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ Grade A၊ Grade B အဆင့်မီဝါများ ရရှိရေးအတွက် သက်ဆိုင်ရာဌာနများက ပညာပေးရေးနှင့် လိုအပ်သော စိုက်ပျိုးရေ ရရှိရေးတို့အတွက် ညှိနှိုင်းမှာကြားသည်။ **(အောက်ဝဲပုံ)**



ယင်းနောက် ဝါစိုက်အသင်းသားတောင်သူများက သီးနှံဖျက်ပိုး ကျရောက်မှု ကူညီဆောင်ရွက်ပေးရေး၊ ကျေးရွာအဝင်တံတား တည်ဆောက်ပေးရေးနှင့် စိုက်ပျိုးရေလိုအပ်ချက်များ တင်ပြရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ်တို့က ပြန်လည် ရှင်းလင်းဖြေကြားပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝါစိုက်အသင်းသား တောင်သူများထံ ထောက်ပံ့ပေးအပ်မည့် B–31 ဝါမျိုးအိတ်များနှင့် စမ်းဝတီသဘာဝ မြေဩဇာအိတ်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့နယ် ပျဉ်တပ်ရပ်ကွက်ရှိ အောင်ချမ်းသာ ဝါစက်နှင့် သီးနှံစုံရောင်းဝယ်ရေးသို့ သွားရောက်ကြည့်ရှုပြီး ဝါကြိတ်ဝါဖိစက်များ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဝါစေ့ဆီကြိတ်ရန်အတွက် ဆီစက်တည်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့နယ် ကတင်ကျေးရွာသို့ သွားရောက်ပြီး အသင်းသားတောင်သူ ၈၃ ဦး၏ လယ်မြေဧက ၂၁၀ တွင် မိုးကြိုဝါများ စိုက်ပျိုးနေကြသည့် လင်းလင်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ မိုးကြိုဝါများ အောင်ရေရရှိရေးအတွက် တွင်းတိမ်များ တူးဖော်ပေးရေး၊ မိုးကြိုဝါစိုက်အပြီး မိုးစပါး ဧက ၁၈၀၀ စိုက်ပျိုးရန်အတွက် အထွက်တိုးမျိုးကောင်းမျိုးသန့်များ ကူညီပံ့ပိုးပေးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရမည်းသင်းမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက် ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းမီဒီယာဆိုင်ရာသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ပူးပေါင်းကျင်းပသည့် သတင်းမီဒီယာဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်၏ လုပ်ငန်းတာဝန်များ အကြောင်းနှင့် သတင်းမီဒီယာ လုပ်ငန်းများတွင် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်လိုသည့် အကြောင်းများ ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး) က သတင်းသမားများထားရှိရမည့် စိတ်နေစိတ်ထားနှင့် နိုင်ငံတော်အပေါ်သစ္စာရှိသော သတင်းမီဒီယာသမားများ ပေါ်ပေါက်လာစေရေးကို လည်းကောင်း **(ယာပုံ)**၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတင်းသမားများ လိုက်နာရမည့် ကျင့်ဝတ်နှင့် သတင်းတု သတင်းမှားများ ချေဖျက်နိုင်ရေးကို လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ စာရင်းစစ်မှူး ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ် မြမဥ္ဇူ) က သတင်းမီဒီယာဥပဒေများနှင့် စပ်လျဉ်း၍ လည်းကောင်း ဟောပြော ဆွေးနွေးခဲ့ကြပြီး



တက်ရောက်လာကြသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်ရုံး ဝန်ထမ်းများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**

## နွေရာသီကင်းထောက်သင်တန်းသားများ လေ့လာရေးနှင့် လက်တွေ့ကွင်းဆင်း လေ့ကျင့်မှုများဆောင်ရွက်

**ဘားအံ မေ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် နွေရာသီကင်းထောက်သင်တန်းမှ သင်တန်းသားများ ယနေ့နံနက်ပိုင်းက လေ့လာရေးနှင့် ကွင်းဆင်း လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

မိမိပတ်ဝန်းကျင်မှသည် မိမိပြည်နယ် မိမိနိုင်ငံအတွက် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်သော လူငယ်လူရွယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူငယ်ရေးရာကော်မတီတို့ ကြီးမှူး၍ ဘားအံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသားသင်တန်းသူ ၁၅၀ ကို နည်းပြဆရာ ဆရာမ ၁၅ ဦးက မေ ၁၄ ရက်မှ ၁၇ ရက်အထိ လေးရက်ကြာ သင်ကြားပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဘားမဲတောင်သဘာဝဥယျာဉ်ရှိ မြို့ပေါ်ရေပေးဝေရေးလုပ်ငန်းများအား ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

# ဘားအံစက်မှုဇုန်၌ BAJA အမှတ်တံဆိပ် သုံးဘီးနှင့် မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်




**ဘားအံ မေ ၁၆**

ဘားအံစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးမြှင့်တင်နိုင်ရန်၊ နည်းပညာ၊ အရင်းအနှီးနှင့်ဈေးကွက်အထောက်အပံ့များရရှိနိုင်ရေးအတွက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက်နံနက်ပိုင်းက အဆိုပါစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် Precision Auto Engineering Co.,Ltd ၏ ဘားအံစက်မှုဇုန်ရှိ BAJA အမှတ်တံဆိပ် သုံးဘီးနှင့်မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်သည့်စက်ရုံတွင် နေ့စဉ်အလုပ်သမား ၆၀ ခန့်ဖြင့် တစ်ရက်လျှင် BAJA RE နှင့် BAJA Maxima အမှတ်တံဆိပ် သုံးဘီးယာဉ် ၄၅ စီးခန့် တပ်ဆင်ထုတ်လုပ်၍ နိုင်ငံတစ်ဝန်း ဖြန့်ဖြူးရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ရေး စက်ပစ္စည်းအစိတ်အပိုင်းများ ပြည်ပမှ မှာယူတင်သွင်းမှုများကိုလျှော့ချ၍ ပြည်တွင်း၌သာထုတ်လုပ်တပ်ဆင်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံစက်မှုဇုန်ရှိ စောငမန်းရော်ဘာသစ်ပါးလွှာစက်ရုံ၌ အလုပ်သမား ၄၀ ခန့်ဖြင့် အထပ်သားအခွံခွာအကြမ်းစက်၊ အထပ်သားအချောစက်၊ ခားသွေးစက်၊ ဖိသိပ်ထုပ်ပိုးစက်များဖြင့် ရော်ဘာသစ်ပါးလွှာထုတ်လုပ်ပုံအဆင့်ဆင့်၊ အရည်အသွေးခွဲခြားပါကင်ထုပ်ပိုးထားရှိမှုနှင့် ဈေးကွက်တင်ပို့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆိုပါစက်မှုဇုန်ရှိ Kyaw-3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးလုပ်ငန်း၌ အလုပ်သမား ၃၀ ကျော်ဖြင့် တစ်ရက်လျှင်ကုန်ကြမ်းကော်စေ့ နှစ်တန်ခန့်အသုံးပြု၍ ကော်ပစ္စည်းမျိုးစုံထုတ်လုပ်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသတွင်း စွန့်ပစ်ပလတ်စတစ်နှင့် ကော်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်ပြန်လည်သန့်စင်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဘားအံစက်မှုဇုန်သည် ၉၆၉ ကေကျယ်ဝန်းပြီး စက်ရုံ၊ အလုပ်ရုံ ၂၉ ရုံ လုပ်ငန်းလည်ပတ်လျက်ရှိကာ တည်ဆောက်ဆဲစက်ရုံ ၁၄ ရုံနှင့် ဒေသခံပြည်သူအလုပ်သမား ၃၇၀ ခန့်အား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးထားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

**လွိုင်ကော် မေ ၁၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကယားပြည်နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ခရိုင်၊ မြို့နယ် ပညာရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပညာရေးမူဝါဒများနှင့်အညီ ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်နယ်အတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းဖွင့်ရာသီအမီ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရန် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကျောင်းများ လုံခြုံမှုရှိစေရေး၊ ကျောင်းများ ဥပဓိရုပ်ခံ့ထည်မှုရှိစေရေး၊ ကျောင်းသုံးပရိဘောဂများ၊ ပုံနှိပ်စာအုပ်၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေး အချိန်မီ ဖြည့်တင်းဆောင်ရွက်ထားရန် မှာကြားလိုကြောင်း၊ ကျောင်းသားဆရာအချိုးမျှတမှုရှိစေရေးအတွက် သင်ကြားရေးဆရာ ဆရာမများ လုံလောက်မှုရှိစေရေး ပြင်ဆင်စုဖွဲ့ထားရန် လိုအပ်ပြီး ကျောင်းအပ်လက်ခံခြင်း ကိစ္စရပ်များ အဆင်ပြေချောမွေ့မှုရှိစေရေးနှင့် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် လုံခြုံရေးတာဝန်ယူသောအဖွဲ့အားလုံးက တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်များရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်ပညာရေးမှူးတို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက် လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး




**နေပြည်တော် မေ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့တွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ တောင်ငူ - နေပြည်တော် ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင် ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင် ပြုပြင်နေမှုအခြေအနေများကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအမြန်ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ ရထားလမ်းအတွင်းရှိရမည့် လမ်းခင်း ကျောက်ထုအတိုင်း စနစ်တကျ ဖြည့်တင်း၍ Hand Tamping Machine အပြင် Automatic Leveling, Lining & Tamping Machine (ALLTM) စက်ကြီးများဖြင့် ကျောက်ပါကင်ရိုက်ခြင်းလုပ်ငန်းကို သေချာစွာ ဆောင်ရွက်ရန်၊ ကွေ့နေရာများတွင် Alignment နှင့် Super Elevations များမှန်ကန်မှုရှိစေရေး စနစ်တကျ စစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ငူမီးရထားတိုင်းရုံး၌ မြန်မာ့မီးရထားတိုင်းအဆင့်အရာထမ်းများနှင့် ရန်ကုန် - မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းအပိုင်း (၁) ဖြစ်သည့် ရန်ကုန် - တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှ စီမံကိန်းအင်ဂျင်နီယာများကို တွေ့ဆုံ၍ မိမိတိုင်းနယ်မြေအတွင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး စနစ်တကျ ဆောင်ရွက်ရန်၊ ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်သွားရန်၊ ခရီးသွားပြည်သူများအား ဝန်ဆောင်မှုပေးရာတွင်လည်း Service Manual များအတိုင်း လိုက်နာဆောင်ရွက်ရန်၊ ဘူတာယာဒ်ဝင်းနှင့် ရထားလမ်းတစ်လျှောက်ရှိ ဌာနပိုင်ပစ္စည်းများ ပျောက်ဆုံး/ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေး ရထားရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရန်ကုန် - တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှ စီမံကိန်းအင်ဂျင်နီယာများကို မိမိတို့၏အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးရေး၊ ရထားလမ်းပိုင်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်သွားရေး၊ အချက်ပြဆက်သွယ်ရေးစနစ် တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ရထားလမ်းနှင့်အတူ တစ်ပြိုင်တည်း ပြီးစီးအောင် ဆောင်ရွက်သွားရေးတို့ကိုဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်ရွက်လှေအသင်းနှင့်အတူ ပေါ်ထွန်းလာသည့် မြန်မာ့ရွက်လှေအားကစား၏ နှစ်တစ်ရာပြည့်ခရီး

**နဒီမင်း**



ရန်ကုန်ရွက်လှေအသင်း၏ ပထမဆုံး Club House အဆောက်အအုံ (၁၉၂၅ ခုနှစ်)။

ရန်ကုန်မြို့၏ အထင်ကရ အင်းယားကန် ရေပြင်ထက်တွင် ရွက်စုံကို လေနှင်ရာအလိုက်သင့် ဟန်ချက်ညီညီ ထိန်းကျောင်းရင်း ဦးတည်ရာ ပန်းတိုင်ဆီသို့ ဖြည်းဖြည်း ငြိမ့်ငြိမ့်လေး သွားလာနေသည့် အဖြူရောင် ရွက်လှေငယ်များ။

ထိုမြင်ကွင်းကား မြန်မာနိုင်ငံတွင် ရွက်လှေအားကစားနည်း စတင်သန္ဓေ တည်ရာ ရန်ကုန်ရွက်လှေအသင်း၏ အင်းယားကန်ရေပြင်တွင် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က တစ်နှစ်တာကာလ အတွင်း ကြီးမှူးကျင်းပသည့်ပြိုင်ပွဲများ အနက် အဆင့်မြင့်ဆုံး တံခွန်စိုက် အလွတ်တန်းပြိုင်ပွဲကြီး ကျင်းပနေခြင်းပင် ဖြစ်သည်။

**ရွက်လှေအားကစား သမိုင်းကြောင်း**

"ဒီပြိုင်ပွဲက မေလ ၁၈ ရက်နေ့မှာ ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။ အဲဒီရက်က ရန်ကုန်ရွက်လှေအသင်း နှစ် ၁၀၀ ပြည့် အကြိုကာလနဲ့ တိုက်ဆိုင်နေတဲ့အပြင် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က ကျင်းပတဲ့ ပြိုင်ပွဲတွေထဲမှာ အဆင့်မြင့်ဆုံး၊ အကြီးမားဆုံး ပွဲလည်းဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းက ပြောသည်။

ရွက်လှေ အားကစားသမားများကလည်း ကြုံတောင့်ကြုံခဲ ရာပြည့်ပွဲတော်တွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိရေးအတွက် တက်ကြွစွာ အကြိတ်အနယ် ပါဝင် ယှဉ်ပြိုင်နေကြသည်။

ရန်ကုန်ရွက်လှေအသင်း (Rangoon Sailing Club )ကို ၁၉၂၄ ခုနှစ်မှ ၁၉၄၅ ခုနှစ် အထိ ဘုရင်ခံ အဆက်ဆက်က အသင်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဗြိတိသျှနိုင်ငံသားများက ဆင့်ကဲတာဝန် ယူဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရရှိ ပြီးနောက် ၁၉၅၄ ခုနှစ်တွင် မြန်မာလူမျိုး ထဲမှ စတင်တာဝန်ယူခဲ့သူမှာ စစ်ရေယာဉ် မေယု စစ်ရေယာဉ်မှူး၊ ဒုတိယဗိုလ်မှူးကြီး ခင်ဖေကြီးဖြစ်ပြီး နောက်ပိုင်းတွင် မြန်မာ နိုင်ငံသားများ အဆက်ဆက်က အသင်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ကြသည်။

မြန်မာ့ရွက်လှေ အားကစားအတွက် ရန်ကုန်ရွက်လှေအသင်းနှင့် (ရန်ကုန် ရွက်လှေအသင်း၊ အင်းယားကန်ကို အခြေ တည်ကာဖွဲ့စည်းထားသည့်) မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်တို့သည် ဒင်္ဂါးပြား တစ်ပြား၏ ခေါင်းနှင့်ပန်းပမာ အတူ ဒွန်တွဲလျက်ရှိနေသည့် ညီနောင် အဖွဲ့အစည်းတစ်ခုဟုဆိုလျှင် မှားမည် မထင်ပေ။



ထိုင်းနိုင်ငံ Eastern Seaboard Regatta ပြိုင်ပွဲတွင် Optimist Class လှေများ ပြိုင်ပွဲဝင်နေစဉ်။ (၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ)

မြန်မာနိုင်ငံ ရွက်လှေအားကစား သမိုင်းကြောင်းကို လှေ့လာကြည့်ပါက ကိုလိုနီခေတ် အင်္ဂလိပ်တို့အုပ်ချုပ်စဉ် ၁၉၂၄ ခုနှစ်တွင် အင်္ဂလိပ်ဘုရင်ခံ ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည့် Rangoon Sailing Club (ရန်ကုန်ရွက်လှေအသင်း) နှင့်အတူ မြန်မာ့ရွက်လှေအားကစား သည်လည်း တစ်ဆက်တည်း ပေါ်ပေါက် လာခဲ့သည်ဖြစ်ရာ ယခု ၂၀၂၄ ခုနှစ် ဆိုလျှင် ရန်ကုန်ရွက်လှေအသင်းနှင့် မြန်မာ့ရွက်လှေ အားကစားတို့သည် နှစ် ၁၀၀ ပြည့် သက်တမ်းသို့ ချင်းနင်း ဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ ရွက်လှေ အဖွဲ့ချုပ်က ရန်ကုန်ရွက်လှေအသင်း၏ ရာပြည့်အထိမ်းအမှတ် အကြိုရွက်လှေ ပြိုင်ပွဲများကို Class အလိုက်၊ Series အလိုက် ရန်ကုန်မြို့ရှိ အင်းယားကန်နှင့် ရေဝတီတိုင်းဒေသကြီး ငွေဆောင် တို့တွင် တစ်နှစ်ပတ်လုံး အချိန်ယူ ကျင်းပပေးနေခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က လက်ခံကျင်းပသည့် နိုင်ငံတကာ ရွက်လှေပြိုင်ပွဲများ၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများ၊ ရွက်လှေ အားကစားလှုပ်ရှားမှုများတွင် ရန်ကုန် ရွက်လှေအသင်းသည် မပါမဖြစ် အမြဲတမ်း သက်ဝင်လှုပ်ရှားနေသည့် တစ်ခုတည်းသော အသင်းဖြစ်ခြင်း ကြောင့်ပင် ဖြစ်သည်။

**နိုင်ငံ့ဂုဏ်ကိုဆောင်**

၁၉၂၄ ခုနှစ် ကိုလိုနီခေတ်က ဓနိမိုး၊ ထရံကာ အဆောက်အအုံငယ်လေးဖြင့် စတင်ခဲ့သည့် ရန်ကုန်ရွက်လှေအသင်း သည် ယနေ့ မျက်မှောက်ကာလတွင် အဆောက်အအုံမှအစ နည်းပညာအဆုံး တိုးတက် ကောင်းမွန်လာသည့်အပြင် နိုင်ငံတကာအထိ ထိုးဖောက်ပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် အားကစား သမားများ ရှေးယခင်ကထက်ပင် ပေါ်ထွန်းလာရေးကို တာဝန်ယူသူ အဆက်ဆက်နှင့် အသင်းသားများက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည့် အသင်းတစ်သင်းဟုဆိုလျှင် မှားမည် မထင်ပါ။

ဓနိမိုး၊ ထရံကာဖြင့် အစပြုခဲ့သည့် အသင်းအဆောက်အအုံကို ခေတ်ကာလ အလျောက် အဆင့်ဆင့်ပြုပြင် တည်ဆောက်ခဲ့ကြပြီး ယခုတွေ့မြင်နေရ သည့် အသင်းအဆောက်အအုံကြီးကို ၂၀၀၆ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ် ကြောင်း၊ ငွေကျပ် သိန်း ၂၇၀၀ မတည် ထည့်ဝင် အကုန်အကျခံပြီး မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်ရွက်လှေ အသင်း ရာသက်ပန်ဂုဏ်ထူးဆောင် အသင်းဝင်က ဆောက်လုပ်လှူဒါန်းပေး ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၀၈ ခုနှစ် မေလ နာဂစ်မုန်တိုင်းဒဏ်သင့်ချိန်က အသင်း၏ အထင်ကရ ကညင်ပင်ကြီး ပြိုလဲခဲ့ရသလို အဆောက်အအုံကြီးကို လည်း အကြီးစားပြင်ဆင်မှုများ ပြုလုပ် ခဲ့ရပါသည်။ ရန်ကုန်ရွက်လှေအသင်း အနေဖြင့် လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ ရာတွင် ဒုတိယကမ္ဘာစစ်ကာလအတွင်း ကလည်း ကျူးကျော်သူ ဂျပန်တို့၏ လေကြောင်းရန်မှ လွတ်ကင်းစေရန် အသင်းပိုင်လှေများကို ကန်ရေပြင် အောက် နှစ်မြှုပ်ကွယ်ဝှက်ခဲ့ရသလို အချို့လှေများကို မိတ္ထီလာကန်ရေပြင်သို့ ပို့ဆောင်ဖုံးကွယ်ခဲ့ရဖူးကြောင်း သိရ သည်။

Rangoon Sailing Club အမည်မှ Yangon Sailing Club အမည်ကို ၁၉၉၆ ခုနှစ်တွင် ပြောင်းလဲခဲ့ပြီး မြန်မာ နိုင်ငံ ရွက်လှေအဖွဲ့ချုပ်၏ ညီနောင် အဖွဲ့အစည်းဖြစ်သည့် ရန်ကုန် ရွက်လှေအသင်း တည်ရှိရာနေရာ ကျွန်းမြေကို ရွက်လှေအားကစားဖွံ့ဖြိုး တိုးတက်ရေးအတွက်ရည်သန်၍ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီက စည်းကမ်း သတ်မှတ်ချက်များဖြင့် တရားဝင်ခွင့်ပြု ပေးထားခြင်း ဖြစ်သည်။

**ဝန်ထမ်းအင်အား ၄၅ ဦးဖြင့် လည်ပတ်**

ထို့ပြင် ရန်ကုန်ရွက်လှေအသင်း သည် တရားဝင်မှတ်ပုံတင်ထားပြီး အသင်းဝင်များ၏ ဝင်ကြေး၊ နှစ်စဉ် ကြေး၊ လစဉ်ကြေးများဖြင့် ရပ်တည် လှုပ်ရှားနေသော အကျိုးအမြတ်မရ ယူသည့် Members Club (Non – Profit Organization) တစ်ခုလည်း ဖြစ်သည်။ လက်ရှိတွင် ဝန်ထမ်းအင်အား ၄၅ ဦးဖြင့် လည်ပတ်နေသည်။

လက်ရှိအချိန်တွင် ရန်ကုန်ရွက်လှေ အသင်း (အင်းယားကန်)တွင် စနေ၊ တနင်္ဂနွေ အပတ်စဉ် ပုံမှန်ပြိုင်ပွဲများနှင့် သင်တန်းများ လအလိုက် ဖွင့်လှစ်ပေး ခြင်း၊ နှစ်ပတ်လည်ပြိုင်ပွဲများ၊ နေ့ကြီး ရက်ကြီး အထိမ်းအမှတ်ပြိုင်ပွဲများ အဆက်မပြတ် ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အနေဖြင့် ၁၉၉၁ ခုနှစ် Burma Rowing & Yachting Federation မှ Myanmar Yachting Federation (မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်)အဖြစ် သီးခြား ဖွဲ့စည်းစဉ်ကစပြီး ၂၀၀၅ ခုနှစ်အထိ ရွက်လှေအားကစားကို စိတ်ပါဝင်စားသူ နည်းပါးခြင်း၊ ဘဏ္ဍာရေးအင်အား နည်း ပါးခြင်း၊ နိုင်ငံတော်က ပံ့ပိုးပေးထား သည့် Optimist လှေ နှစ်စင်း၊ အဖွဲ့ချုပ်ပိုင် လှေ နှစ်စင်း စုစုပေါင်း လှေ လေးစင်းနှင့် ဒုတိယကမ္ဘာစစ်လက်ကျန် Sharpie နှင့် Rater လှေအဟောင်းများနှင့်သာ ရပ်တည်ခဲ့ရသည်။

ယခုဆိုလျှင် ရွက်လှေအဖွဲ့ချုပ်နှင့် ရန်ကုန်ရွက်လှေအသင်းပိုင် Rater လှေ ၁၆ စင်း ( SEA Games လှေခုနစ်စင်းမပါ)၊ Sharpie လှေ ၁၅ စင်း၊ Optimist သစ်သား လှေ ၁၂ စင်း၊ ဖိုက်ဘာလှေ ၇၅ စင်း၊ ILCA ၁၃ စင်း၊ In't 470 သုံး စင်း၊ In't 420 သုံး စင်း၊ Coach Boat နှစ်စင်း ပိုင်ဆိုင်ထား ပြီဖြစ်ပြီး အားကစားသမားများ အရေ အတွက်မှာလည်း Active Rater Sailor ၃၀၊ Sharpie A,B,C Class Sailor ၆၈ ဦး၊ Optimist A , I , B Class Sailor ၃၅ ဦးအထိ တိုးတက်လာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတကာ ရွက်လှေပြိုင်ပွဲများကို မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က အိမ်ရှင်အဖြစ် ၁၉၆၁ ခုနှစ် ရန်ကုန်မြို့ အင်းယားကန်တွင် 2nd SEAP Games၊ ၁၉၆၉ ခုနှစ် ပေလီတွင် 5th SEAP Games၊ ၁၉၉၆ ခုနှစ် အင်းယားကန်တွင် Myanmar Open & 9th ASEAN Championships ပြိုင်ပွဲ၊ ၂၀၀၄ ခုနှစ် တွင် ရေဝတီတိုင်းဒေသကြီး ချောင်းသာ၌ ASEAN Open Optimist Championship ပြိုင်ပွဲ၊ ၂၀၁၃ ခုနှစ် ဧပြီလတွင် ရေဝတီ တိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ Myanmar National Sailing Championship (Pre– SEA Games Event)၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ငွေဆောင်၌ 27th SEA Games ပြိုင်ပွဲ စသည်ဖြင့် လက်ခံကျင်းပနိုင်ခဲ့သည်။

*စာမျက်နှာ ၁၁ သို့*



Yangon Sailing Club (YSC)တွင် Sharpies လှေများ Launch ပြုလုပ်ရန် စီတန်းထားစဉ်။

*စာမျက်နှာ ၁၀ မှ*

၁၉၆၁ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး အင်းယားကန်တွင် ကျင်းပသည့် 2nd SEAP Games တွင် ရွက်လှေအားကစားကို ပထမဆုံး ထည့်သွင်းကျင်းပခဲ့သည့် ဦးဆောင်နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သလို ပြိုင်ပွဲဝင်အမျိုးအစား နှစ်မျိုးစလုံး ရွှေတံဆိပ်၊ ၁၉၆၉ ခုနှစ် မြန်မာနိုင်ငံ ငပလီတွင် ကျင်းပသည့် ပြိုင်ပွဲလေးခုစလုံး ရွှေတံဆိပ်၊ ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံမှာ ကျင်းပသည့် 21st SEA Games ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်ရှိ စင်ကာပူနှင့် ထိုင်းတို့ကို ကျော်လွန်ကာ ရွှေတံဆိပ် သုံးဆု၊ ၂၀၁၃ ခုနှစ်တွင် နှစ်ပေါင်း ၄၄ နှစ်ကြာမှ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်တွင် ပြန်လည်ကျင်းပခွင့်ရခဲ့သည့် 27th SEA Games တွင် ရွှေ ၂၊ ငွေ ၁၊ ကြေး ၂ စသည်တို့ ဆွတ်ခူးပေးနိုင်ခဲ့ပြီး အခြားသော ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်များစွာ ဆွတ်ခူးပေးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ် မြင်တွေ့ရသည်။

မြန်မာ့ရွက်လှေ အားကစားသည် နှစ် (၁၀၀) အတွင်း ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရယူကာ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည့် ပြိုင်ပွဲများရှိသကဲ့သို့ အောင်ပွဲမဆင်နိုင်သည့် ပြိုင်ပွဲများလည်း ရှိခဲ့ဖူးသည်သာ ဖြစ်သည်။

နိုင်ငံတကာ ရွက်လှေပြိုင်ပွဲများ၏ စည်းမျဉ်းအရ ရွက်လှေပြိုင်ပွဲကျင်းပမည့် အိမ်ရှင်နိုင်ငံတွင် Host Club ရှိရမည်ဟု သတ်မှတ်ထားသည့်အတွက် ၂၀၁၃ ခုနှစ် 27th SEA Games ပြိုင်ပွဲ ကျင်းပနိုင်ရေး နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်တွင် B.O.T စနစ်ဖြင့် ကျပ်သန်းပေါင်း ၂၅၃၀၀ ကို မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌက တစ်ဦးတည်းအကုန်အကျခံကာ Ngwe Saung Yacht Club & Resort တွင် လက်ခံကျင်းပနိုင်ခဲ့သည်။

ထိုပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးအောင်မြင်ခဲ့ခြင်းနှင့်အတူ နိုင်ငံတကာ ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းနှင့်အညီ တရားမျှတဂုဏ်သိက္ခာရှိစွာ ကျင်းပနိုင်ခဲ့ခြင်း၊ Host Club ဖြစ်သည့် Ngwe Saung Yacht Club & Resort ၏ ခမ်းနားကြီးကျယ်မှုနှင့် မြန်မာ့ရွက်လှေအားကစား၏ ဂန္ထဝင်မြောက်တည်ဆောက်ထားသည့် ပြည်တွင်းဖြစ် Rater သစ်သားလှေကို ပြိုင်ပွဲဝင် Class အဖြစ် ထည့်သွင်းကျင်းပနိုင်ခဲ့သည်မှာလည်း သမိုင်းမှတ်တမ်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။



ရန်ကုန်မြို့ အင်းယားလမ်းအမှတ် (၁၃၂)တွင်တည်ရှိသည့် ရန်ကုန်ရွက်လှေအသင်းကလပ် အဆောက်အအုံကိုတွေ့မြင်ရစဉ်။

**“ရွက်လှေ အားကစားနည်းသည် ပင်လယ်ကမ်းခြေကို အခြေပြုကစားရသည့် အားကစားနည်းဖြစ်ရာ သာယာလှပသည့်ကမ်းခြေများ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ကမ်းခြေရှိသော ဒေသများတွင် တပ်မတော် (ရေ) ရေတပ်စခန်းဌာနချုပ်များတည်ရှိရာ ပင်လယ်ကမ်းရိုးတန်းဒေသခံများဖြင့် ရွက်လှေအသင်းများ ဖွဲ့စည်းကာ ပြည်တွင်း၊ ပြည်ပ ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပပေးမည်ဆိုပါက ရွက်လှေအားကစားသမား မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးနှင့် မြန်မာ့ရွက်လှေအားကစား အဆင့်အတန်း မြင့်မားလာရုံသာမက တစ်ဖက်တစ်လမ်းကလည်း ခရီးသွားလုပ်ငန်းအား မြှင့်တင်ပေးရာရောက်မည်ဖြစ်”**

ထိုသို့ အဘက်ဘက်က ပြီးပြည့်စုံစွာ 27th SEA Games ကို ကျင်းပနိုင်ခဲ့သည့်အတွက် နိုင်ငံတကာ အိုလံပစ်ကော်မတီအဖွဲ့ဝင် Ng Ser Miang နှင့် ပြိုင်ပွဲကြီးကြပ်သူ Jury Chairman , Bryan Willis စသည့် နိုင်ငံတကာ ရွက်လှေအားကစား တာဝန်ရှိသူများ၏ မှတ်ချက်များကလည်း မြန်မာ့ရွက်လှေ အားကစား၏ မှတ်တမ်းတစ်လျှောက် ဂုဏ်ယူဖွယ်ရာအဖြစ် သမိုင်းမှတ်တမ်းတင်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေ အားကစားအဆင့်အတန်း မြင့်မားစွာ ရပ်တည်နိုင်ရေးအတွက် နိုင်ငံတကာမှ ပညာရပ်ကျွမ်းကျင်သူများခေါ်ယူကာ သင်တန်းများပေးခြင်း၊ အခါအားလျော်စွာ ပြိုင်ပွဲများကျင်းပပေးခြင်း၊ ပြည်ပသို့ သွားရောက်ယှဉ်ပြိုင်စေခြင်းတို့ ပြုလုပ်လျက်ရှိသည်။

External Audit Firm စာရင်းစစ်အစီရင်ခံစာအရ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစုပေါင်း ကျပ်သန်းပေါင်း ၁၈၇၅၈ ဒသမ ၉၈ နှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၃ သန်း အကုန်အကျခံသုံးစွဲပြီး ဖြစ်သည်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေဖြင့် ရန်ကုန်ရွက်လှေအသင်းနှင့်အတူ ရှင်သန်ပေါက်ဖွားလာသည့် မြန်မာ့ရွက်လှေအားကစား နှစ် (၁၀၀) ပြည့် အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ရေး ပြင်ဆင်နေသလို တစ်ဖက်တွင်လည်း ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် 33rd SEA Games ပြိုင်ပွဲတွင်လည်း ကမ္ဘာ့အဆင့်ဝင် ပြိုင်ဘက်နိုင်ငံများကို အန်တုယှဉ်ပြိုင်အနိုင်ရရှိရေး အားသွန်ကြိုးပမ်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

SEA Games ရွက်လှေအားကစား ထိပ်တန်းနိုင်ငံများမှာ စင်ကာပူနှင့် ထိုင်းဖြစ်ပြီး အချို့သော Class များတွင် ကမ္ဘာ့အဆင့် (၁) အထိ နေရာယူထားနိုင်သည်ကို တွေ့ရပါသည်။ 2024 Paris Olympic ပြိုင်ပွဲတွင်လည်း ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားတို့က Qualified ဖြစ်ခဲ့ပြီး ဖြစ်သည်။ “ရွက်လှေမှာ ထိပ်တန်းနိုင်ငံတွေက ထိုင်းနဲ့ စင်ကာပူပေါ့၊ အဲဒီလို ကမ္ဘာ့ထိပ်တန်းနိုင်ငံတွေကို ကျွန်တော်တို့က ယှဉ်ပြိုင်နေရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ထိုင်းနဲ့ စင်ကာပူကိုကျော်လွန်ပြီး ဦးဆောင်နိုင်ခဲ့တဲ့ အစဉ်အလာတွေရှိခဲ့ပါတယ်”ဟု မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းက ပြောသည်။

ရွက်လှေအားကစားသည် နိုင်ငံတစ်ဝန်း လူထုအားကစားပုံစံမျိုး ဆောင်ရွက်ရန် လွယ်ကူသည့် အားကစားနည်းမျိုးကား မဟုတ်ပေ။ ရွက်လှေအားကစား၏ သဘောသဘာဝအရ ပင်လယ်ရေလှိုင်း၊ လေတိုက်ခတ်မှု အခြေအနေ၊ ပင်လယ်ရေစီးကြောင်း၊ ဒီရေ ပြောင်းလဲလာသော ရာသီဥတု၊ လေ၊ ရေ အခြေအနေတို့ကိုလိုက်ပြီး လျှပ်တစ်ပြက် လှုပ်ရှားဆုံးဖြတ်ရသော အားကစားနည်းတစ်ခုဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိရန် အထူးလိုအပ်လှသည်။

နောက်ဆုံးပေါ် ရွက်လှေနှင့်ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ နိုင်ငံတကာ ရွက်လှေပြိုင်ပွဲများကို ပင်လယ်ပြင်၌သာ ကျင်းပရခြင်းဖြစ်သည့်အတွက် နည်းပညာ အခက်အခဲများ၊ ရွက်လှေနှင့် ဆက်စပ်သည့်ပစ္စည်းများ တန်ဖိုးကြီးမြင့်မှု စသည့် ကန့်သတ်ချက်များကြောင့် မြန်မာနိုင်ငံကဲ့သို့ အဘက်ဘက်မှ လိုအပ်ချက်ရှိသည့် နိုင်ငံအတွက် လူအများစု တက်လှမ်းရန် အခက်အခဲရှိသော အားကစားနည်း တစ်ခုအဖြစ် တည်ရှိနေသေးသည်ဖြစ်ရာ မြန်မာ့ရွက်လှေအားကစား ရေရှည်တည်တံ့ရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးမှုအပိုင်းက အဓိကကျသလို ရွက်လှေအားကစားဖွံ့ဖြိုးတိုးတက်ရေး၊ ရွက်လှေအားကစားသမား မျိုးဆက်သစ်များ ပေါ်ထွက်လာရေးတို့သည် လွန်စွာမှ အရေးကြီးသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်ပါဝင်သည့် ရွက်လှေအားကစားနည်းတွင် ကမ္ဘာ့အဆင့် ၁ နှင့် ၃ ကြား ရပ်တည်နေသည့် ထိုင်းနှင့် စင်ကာပူကို လေ့လာကြည့်မည်ဆိုလျှင် ထိုင်းနိုင်ငံသည် ထိုင်းဘုရင့်ရေတပ်စစ်ဦးစီးချုပ်ကို ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ခန့်ထားပြီး ရေတပ်သန္ဓေ မိသားစုဝင်များကို မဖြစ်မနေ ရွက်လှေစီးနင်းစေခြင်းဖြင့် ရွက်လှေအားကစားအတွက် အမေရိကန်ဒေါ်လာ ကိုးသန်းကျော် သုံးစွဲမြှင့်တင်ခဲ့ခြင်း၊ စင်ကာပူနိုင်ငံသည် Sailing နှင့် Swimming အားကစားနည်းနှစ်ခုကို နိုင်ငံ၏ဦးစားပေး အားကစားအဖြစ် သတ်မှတ်ကာ အမေရိကန်ဒေါ်လာ ၁၀ သန်း အကုန်အကျခံသုံးစွဲလျက်ရှိသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

ထို့ပြင် SEA Games ရွက်လှေပြိုင်ပွဲ ဒုတိယအဆင့်ရှိသည့် မလေးရှားရွက်လှေအသင်းကို လေ့လာကြည့်ပါက မလေးရှားရွက်လှေအဖွဲ့ချုပ် ကွပ်ကဲမှုအောက်တွင် မလေးရှားနိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းမြို့မှန်သမျှ၌ ရွက်လှေအသင်းပေါင်းများစွာ ဖွဲ့စည်းထားရှိသည်ကို မြင်တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် လတ်တလောကာလတွင် ရန်ကုန်ရွက်လှေအသင်း၊ တပ်မတော် (ရေ) လှေလှော်ရွက်တိုက်အသင်းနှင့် Ngwe Saung Yacht Club & Resort သာရှိသည်ဖြစ်ရာ ပင်လယ်ကမ်းရိုးတန်း ရေမိုင် ၁၃၈၅ မိုင် ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်ခုအနေဖြင့် စစ်တွေ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ ငပလီ၊ ရွှေသောင်ယံ၊ ချောင်းသာ၊ မော်လမြိုင်၊ စက်စဲ၊ မောင်းမကန် စသည့် ရေမိုင်ဆက်စပ်တည်ရှိနေသည့် ဒေသများတွင် ဒေသခံများအားစည်းရုံးပြီး ရွက်လှေအသင်းအများအပြားကို ဖွဲ့စည်းတည်ထောင်သင့်သည်ဟု မြင်မိပါသည်။

ရွက်လှေ အားကစားနည်းသည် ပင်လယ်ကမ်းခြေကို အခြေပြုကစားရသည့် အားကစားနည်းဖြစ်ရာ သာယာလှပသည့် ကမ်းခြေများ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ကမ်းခြေရှိသော ဒေသများတွင် တပ်မတော် (ရေ) ရေတပ်စခန်းဌာနချုပ်များတည်ရှိရာ ပင်လယ်ကမ်းရိုးတန်း ဒေသခံများဖြင့် ရွက်လှေအသင်းများ ဖွဲ့စည်းကာ ပြည်တွင်း၊ ပြည်ပ ဖိတ်ခေါ် ပြိုင်ပွဲများ ကျင်းပပေးမည်ဆိုပါက ရွက်လှေအားကစားသမား မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးနှင့် မြန်မာ့ရွက်လှေ အားကစား အဆင့်အတန်းမြင့်မားလာရုံသာမက တစ်ဖက်တစ်လမ်းကလည်း ခရီးသွားလုပ်ငန်းအား မြှင့်တင်ပေးရာရောက်မည်ဖြစ်ပါသည်။

ရာပြည့်ကာလသို့ ရောက်ရှိလာပြီဖြစ်သည့် မြန်မာ့ရွက်လှေအားကစား ရေရှည်တည်တံ့ရေး၊ အားကစားမျိုးဆက်သစ်များ ပေါ်ထွက်လာရေး၊ အခြေခံလိုအပ်သော ရွက်လှေအသင်းများ ပေါ်ထွက်လာရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ အသိပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရွက်လှေအားကစားသည် အရှေ့တောင်အာရှ ပြိုင်ပွဲများမှသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲများဆီသို့ တက်လှမ်းနိုင်မည်ဟု ထင်မြင်မိပါကြောင်း ရန်ကုန်ရွက်လှေအသင်း နှစ် (၁၀၀) ပြည့်ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။



ငွေဆောင်တွင် Optimist လှေများ Launch ပြုလုပ်ရန်စီတန်းထားစဉ်။



ILCA-4/6 Class ရွက်လှေများ ငွေဆောင်ပင်လယ်ပြင်တွင် လေ့ကျင့်နေစဉ်။ (၂၀၂၄ ခုနှစ်၊ မတ်လ)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် မေ ၁၆
အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EQM5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETAX အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Qingdao CRRC Sifang Rolling Stock Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၁၆
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၈ - ၅ - ၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၂၀) တွင် ကဆုန်လပြည့်နေ့၌ ဘုရားစုံဖူးကာ ကဆုန်ညောင်ရေသွန်းလောင်းခဲ့ကြသော တိုးတက်အောင်တို့ မိသားစုနှင့် သူ၏ သူငယ်ချင်းများအကြောင်းကို ရေးဖွဲ့ထားသည့် "ကဆုန်ညောင်ရေသွန်းကြမည်" မျက်နှာဖုံးကာတွန်း၊ ညအခါ ကောင်းကင်ပြင်တွင် မြင်တွေ့ရသော ကြယ်ကြွေမှုများထဲမှ ထူးခြားဆန်းကြယ်သော ကြယ်တံခွန်များ အကြောင်းကို ရေးဖွဲ့ထားသည့် "ကြယ်တံခွန်များ" သုတဆောင်းပါး၊ ကန်စွန်းဥကျေးရွာတွင် နေထိုင်သော လူတို့၏စရိုက်သဘာဝကို ရေးဖွဲ့ထားသော "ကန်စွန်းဥကျေးရွာက လူတွေအကြောင်း" နှစ်မျက်နှာကာတွန်း၊ အပေါင်းအသင်းမှားယွင်းပါက လွန်စွာဒုက္ခရောက်နိုင်ကြောင်း သင်ခန်းစာ ရဖွယ် ရေးဖွဲ့ထားသည့် "အပေါင်းအသင်း ရွေးချယ်ပါ" ဝတ္ထု၊ ကြက်ဥနှင့် ဘဲဥတို့ကို ကြော်တတ်၊ ပြုတ်တတ်သော ရန်ပိုင်စိုးအကြောင်းကို ရေးဖွဲ့ထားသည့် "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ ခွဲ၊ လှံ့လ၊ ဝီရိယရှိပါက မည်သည့်အသက်အန္တရာယ်နှင့် ကြုံတွေ့ပါစေ အသက်ဘေးမှ လွတ်မြောက်နိုင်ကြောင်း ရေးဖွဲ့ထားသည့် "မောင်ဖွဲ့ရဲ့ လှံ့လအကျိုး" ပုံပြင်၊ သတ္တဝါများအနေဖြင့် မတူညီသော ကိုယ်လက်အင်္ဂါများ ရှိကြသော်လည်း သူ့နေရာနှင့်သူ အကျိုးရှိရှိအသုံးပြုပါက မိမိနေထိုင်ရာ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်နိုင်ပုံကို ရေးဖွဲ့ထားသည့် "သဘာဝ" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးကို မကောင်းကြံပါက ယင်းမကောင်းမှုဒဏ်ကို မိမိသာ ပြန်ခံရတတ်ကြောင်း ရေးဖွဲ့ထားသည့် "ဖြိုးရဲ- သူများ မကောင်းကြံ ကိုယ်သာခံ" နှစ်မျက်နှာကာတွန်း၊ တိုက်ခန်းငှားရမ်းနေထိုင်သူနှင့် တိုက်ခန်းပိုင်ရှင်တို့အကြား တိုက်ခန်းရေယိုနေသည့် ပြဿနာနှင့် ပတ်သက်၍ ညှိနှိုင်းပြောဆိုပုံအမျိုးမျိုးကို တင်ဆက်ထားသည့် "ရွှေသွေးစကားဝိုင်း" ကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




သတင်းစဉ်

◆ *ကျောဖုံးမှ*

Boeing 737-800 Freighter လေယာဉ်သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်တွင် မြန်မာနိုင်ငံသို့ ဆိုက်ရောက်ခဲ့ပြီး မြန်မာအမျိုးသားလေကြောင်း၏ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး လေကြောင်းခရီးစဉ်များဖြစ်သော ရန်ကုန်-ကူမင်း-ရန်ကုန်၊ ရန်ကုန်-ဘန်ကောက်-ရန်ကုန်၊ ရန်ကုန်-စင်ကာပူ-ရန်ကုန်နှင့် ရန်ကုန်-မန္တလေး-ရန်ကုန် Cargo ခရီးစဉ်များတွင် ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။

အာကာလင်း

❊ *ကျောဖုံးမှ*

အဆိုပါ လက်ရွေးစင်ဘောလုံးအသင်းကို MFF ဘောလုံး အကယ်ဒမီထွက် ကစားသမားများ၊ တိုင်းနှင့်ပြည်နယ် လက်ရွေးစင်ကစားသမားများ၊ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ ခြေစွမ်းထက် လူငယ်မျက်နှာသစ် ကစားသမားများဖြင့် စုဖွဲ့ထားပြီး နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က တာဝန်ယူကိုင်တွယ်နေခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့အကြား ကြိုတင်ညှိနှိုင်းဆွေးနွေးမှုအရ မြန်မာအမျိုးသား ယူ-၂၀ ဘောလုံးအသင်းသည် တရုတ်အမျိုးသား ယူ-၂၀ ဘောလုံးအသင်းနှင့် လာမည့် မေ ၃၀ ရက်နှင့် ဇွန် ၂ ရက် တို့တွင် တရုတ်နိုင်ငံ Xianghe မြို့၌ ကွင်းပိတ်ခြေစမ်းပွဲနှစ်ပွဲ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ဘောလုံးအသင်းသည် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အသက် ၁၉ နှစ်အောက် အာဆီယံအမျိုးသား ဘောလုံးပြိုင်ပွဲနှင့် စက်တင်ဘာလတွင် ကျင်းပမည့် အသက် ၂၀ နှစ်အောက် အာရှအမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကာလရှည်စခန်းသွင်း လေ့ကျင့်နေသော အသင်းဖြစ်သည်။

Htet Oo Maung

❖ *ကျောဖုံးမှ*

မန်ယူအသင်းအတွက် သွင်းဂိုးများကို မိုင်နူး၊ အာမက်နှင့် ဟွိုက်လန်းတို့က သွင်းယူပေးနိုင်ခဲ့သည်။

နယူးကာဆယ်အသင်းအတွက် သွင်းဂိုးများကို ဂေါ်ဒွန်နှင့် ဟောလ်တို့က သွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ်ပွဲတွင် ၃၇ ပွဲကစားပြီး နယူးကာဆယ်အသင်းနှင့် ရမှတ် ၅၇ မှတ်တူ ဂိုးကွာခြားချက်ကြောင့် အဆင့် (၈) တွင် ရပ်တည်နေသည်။

ရာသီသိမ်းပွဲစဉ်တွင် မန်ယူအသင်းက ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် နယူးကာဆယ်အသင်းက ဘရန့်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားသော ပွဲစဉ်အဖြစ် မေ ၁၆ ရက် နံနက်ပိုင်းတွင် ဘရိုက်တန်နှင့် ချယ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ချယ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်မှာ ပရီမီယာလိဂ်ပွဲစဉ် (၃၄) ပွဲကျန်ကို ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

အောင်ဇော်

## မြန်မာစာ မြန်မာစကား

**မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကို နေ့တိုင်း ပြောနေကြသည်။ သို့သော် အမှတ်မဲ့သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှား၊ အမှန် မကွဲပြား၍သော်လည်းကောင်း အသံထွက်ပုံထွက်နည်း မှားယွင်းကြသည်။**

### ဖက် နှင့် ဘက်

အနက်သဘောအားဖြင့် **ဖက်** မှာသာ အနက်ရှိပေသည်။ **ဘက်** မှာ အနက်မရှိပါ။ သို့ရာတွင် အရာဌာနတိုင်း အနက်စွဲရေးပြီး ရေးသည့်အတိုင်း အသံထွက်ရိုး မရှိပါ။ **ရေးတော့အမှန် ဖတ်တော့အသံ** ဟု ပြောစမှတ်ပြုသည်။ ဤသည်ကို လိုက်၍ အသံအတိုင်း ရေးကြရသည်လည်းရှိသည်။ အသံစွဲအရေးဟု ဆိုသည်။ **ဖက်** နှင့် **ဘက်** လည်း သည်အတိုင်းပင်ဖြစ်သည်။ **ဖက်** ကား အနက်စွဲအရေး၊ **ဘက်** ကား အသံစွဲအရေး။

**ဖက်** ကို အောက်ပါတို့၌ သုံးသည်-

၁။ ကြိယာ **ဖက်**

သာဓက ။ ။ စုံဖက်၊ စွက်ဖက်၊ ဖက်စပ်၊ ဖက်တွဲ၊ လိုက်ဖက်၊ ယှဉ်ဖက်၊ ဆွဲဖက်၊ တွဲဖက် စသည်တို့ကဲ့သို့သော ကြိယာများ။

၂။ **အဖော်အဖက်**

သာဓက ။ ။ ကူဖော်လောင်ဖက်၊ ကြင်ဖော်ကြင်ဖက်၊ ဆေးဖော်ကြောဖက်၊ ဆေးဖော်ဝါးဖက်၊ လုပ်ဖော်ကိုင်ဖက်၊ သွားဖော်လာဖက် စသည်တို့ကဲ့သို့သော ဖော် - ဖက် တွဲလုံးများ။



၃။ သချ်ာနှင့်တွဲသော **ဖက်**

သာဓက ။ ။ တစ်ဖက်တစ်ချက်၊ နှစ်ဦးနှစ်ဖက်၊ သုံးဖက်မြင်၊ လေးဖက်နှာ၊ အနားငါးဖက်ပဉ္စဂံ၊ လေးလုံးခြောက်ဖက် စသည်ဖြင့် ရှေ့တွင် အရေအတွက် သချ်ာပါသော အရေးအသားများ။

**ဘက်**ကို အောက်ပါတို့၌ သုံးသည်-

၁။ အရပ်မျက်နှာနှင့်တွဲလျှင် - **ဘက်**

သာဓက ။ ။ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်။

၂။ တည်နေရာနှင့်တွဲလျှင် - **ဘက်**

သာဓက ။ ။ အိမ်ဘက်မှာ၊ ဈေးဘက်မှာ၊ မြစ်ဘက်မှာ၊ ရွာဘက်မှာ၊ တောဘက်မှာ၊ ဝဲဘက်၊ ယာဘက်။



(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

# သေနတ်ပစ်ခတ်ခံရမှုကြောင့် စလိုဗက်နိုင်ငံဝန်ကြီးချုပ်၏ အခြေအနေ စိုးရိမ်ရဆဲဖြစ်သည်ဟု ဒုတိယဝန်ကြီးချုပ်ပြောကြား

**ဘရာတီစလာဗာ မေ ၁၆**

စလိုဗက်နိုင်ငံ ဝန်ကြီးချုပ် ရောဘတ်ဖီကိုသည် မေ ၁၅ ရက်က သေနတ်ပစ်ခတ်ခံရပြီးနောက် အခြေအနေမှာ စိုးရိမ်ရဆဲဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ရောဘတ်ကာလီနက်ခ်က မေ ၁၆ ရက် နေ့လယ်ပိုင်းက ပြောကြားသည်။ ဝန်ကြီးချုပ်သည် စလိုဗက်နိုင်ငံအလယ်ပိုင်း ဟန်းလိုဗာမြို့သို့ အစိုးရအစည်းအဝေးတစ်ခု တက်ရောက်ရန် သွားရောက်စဉ် ပစ်ခတ်မှုခံခဲ့ရကြောင်း သိရသည်။

အခင်းအဖြစ်ပွားရာနေရာ၌ သံသယရှိသူတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဝန်ကြီးချုပ်အား ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် ဖီကိုသည် သေနတ်ဒဏ်ရာ လေးချက်ကြောင့် ဒဏ်ရာပြင်းထန်သော်လည်း ဆရာဝန်များက ၎င်း၏အခြေအနေ တည်ငြိမ်စေရန် တာဝန်ယူကုသပေးလျက်ရှိကြောင်း လုံခြုံရေးကောင်စီ၏ အထူးအစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် ကာကွယ်ရေးဝန်ကြီး ကာလီနက်ခ်က သတင်းထောက်များကို ပြောကြားသည်။

လူသတ်မှုကို ကြိုတင်ပြင်ဆင်ထားမှုဖြင့် အခင်းဖြစ်ပွားရာတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် သေနတ်သမားကို ရဲတပ်ဖွဲ့က စွဲချက်တင်ထားကြောင်း၊ အဆိုပါသေနတ်သမားသည် အသက် ၇၁ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး မာတပ်ဆုတာ့ဂျ် အက်စ်တော့ခ်က ပြောကြားသည်။ **ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



အခင်းဖြစ်ပွားရာနေရာ၌ သံသယရှိသူအား ဖမ်းဆီးနေမှုကို တွေ့ရစဉ်။

# အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဟစ်ဇ်ဘိုလာများက ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်

**ဂျေရုဆလင် မေ ၁၆**

အစ္စရေးတို့က လက်ဘနွန်နိုင်ငံ အရှေ့ပိုင်းကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အဆိုပါလုပ်ရပ်ကို ပြန်လည် လက်တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန် လက်နက်ကိုင်အုပ်စုဖြစ်သည့် ဟစ်ဇ်ဘိုလာအုပ်စုသည် မေ ၁၆ ရက်တွင် အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု အစ္စရေးနှင့် လက်ဘနွန် သတင်းအရင်းအမြစ်များက ပြောသည်။

ဂိုလန်ကုန်းမြင့်ကို ပစ်မှတ်ထားကာ ဒုံးကျည် ၄၅ စင်းဖြင့် ပစ်ခတ် တိုက်ခိုက်ခံခဲ့ရသည်ဟု အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်) က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အစ္စရေးတို့၏ ဝေဟင် ကာကွယ်ရေးစနစ်ဖြင့် ဒုံးကျည် ပစ်ခတ်မှုများစွာကို ကြားဖြတ် ဟန့်တားနိုင်ခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူမရှိကြောင်း အစ္စရေးတပ်ဖွဲ့က ပြောသည်။

ဂိုလန်ကုန်းမြင့်ရှိ အစ္စရေးစစ်ဘက်နေရာများကို ပစ်မှတ်ထားကာ ဒုံးကျည်ဖြင့် ပစ်ခတ်မှုအကြိမ် ၆၀ နီးပါး ပြုလုပ်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာဘက်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

အစ္စရေးတို့က လက်ဘနွန်နိုင်ငံအရှေ့ပိုင်း ဗာလဗက်ဒေသသို့ ပစ်မှတ်ထားကာ မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် တစ်ညလုံး လေကြောင်းမှ ပစ်ခတ်ခဲ့သည်။ အဆိုပါဖြစ်ရပ်ကို လက်တုံ့ပြန်သည့်အနေဖြင့် ယခုလိုပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအုပ်စုက ပြောသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှစတင်ကာ လက်ဘနွန်နှင့် အစ္စရေးနယ်စပ်တွင် တင်းမာမှုများ မြင့်မားလာခဲ့သည်။ ဟားမားစ်တို့နှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသသည့်အနေဖြင့် ဟစ်ဇ်ဘိုလာတို့သည် အစ္စရေးနိုင်ငံသို့ ဦးတည်ကာ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။

ထို့နောက် အစ္စရေးဘက်ကလည်း ပြန်လည်တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်နိုင်ငံတောင်ပိုင်းကို ဦးတည်ကာ လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်။ ဆင်ဟွာ



# တိုရှီဘာ ကုမ္ပဏီက လုပ်ငန်းလည်ပတ်ရန် အလုပ်အကိုင် ၄၀၀၀ ကို လျှော့ချမည်

**တိုကျို မေ ၁၆**

ရုန်းကန်နေသည့် စီးပွားရေးပြန်လည်လည်ပတ်ရန်အတွက် ပြည်တွင်း၌ အလုပ်အကိုင်ပေါင်း ၄၀၀၀ ကို လျှော့ချမည်ဟု ဂျပန်နိုင်ငံမှ တိုရှီဘာ ကော်ပိုရေးရှင်းက မေ ၁၆ ရက်တွင် ပြောသည်။ ပိုင်ရှင်အသစ်၏ လက်အောက်တွင် လုပ်ငန်းစုအနေဖြင့် ပြန်လည်ဖွဲ့စည်း တည်ဆောက်ရန် လှုပ်ရှားမှုတစ်ခုလည်းဖြစ်သည်။ ၂၀၂၃ ခုနှစ် မတ်လကုန်အထိ ကုမ္ပဏီတွင် ဝန်ထမ်းပေါင်း ၁၁၀၀၀၀ ဝန်းကျင်ရှိသည်။

ဝန်ထမ်းလျှော့ချရာတွင် စောစီးစွာပင်စင်ယူခြင်းဖြင့် ကမ်းလှမ်းထားပြီး တိုရှီဘာကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသည့် အသက် ၅၀ နှင့် အထက် ပြည်တွင်းဝန်ထမ်းများကို ပစ်မှတ်ထားကာ ပြုလုပ်သွားမည်ဟု သိရသည်။ တိုရှီဘာကုမ္ပဏီသည် တိုကျိုမြို့လယ်မှ ရုံးကို ဂျပန်နိုင်ငံအနောက်ပိုင်း ကာဝါဆာကီသို့ ပြောင်းရွှေ့မည်ဖြစ်သည်။

လုပ်ငန်းလည်ပတ်မှုမှ သုံးနှစ်အတွင်း အမြတ်ငွေ ၁၀ ရာခိုင်နှုန်းကို မျှော်မှန်းထားကြောင်းလည်း သိရသည်။ ဒီဇင်ဘာလအတွင်းက တိုရှီဘာကုမ္ပဏီသည် နှစ်ပေါင်း ၇၄ နှစ်ကြာ အများပိုင်ကုန်သွယ်ရေးကုမ္ပဏီအဖြစ်ကို အဆုံးသတ်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၃ ဘီလီယံဖြင့် အခြားဂျပန်ကုမ္ပဏီတစ်ခုသို့ လက်လွှဲရောင်းချခဲ့သည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ စက်ရုံတစ်ခု၌ ဘွိုင်လာအိုးပေါက်ကွဲမှု ဖြစ်ပွားသဖြင့် နှစ်ဦးသေဆုံး၊ ၂၅ ဦးဒဏ်ရာရရှိ

**နယူးဒေလီ မေ ၁၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာရာနာပြည်နယ်ရှိ စက်ရုံတစ်ခုအတွင်း၌ ဘွိုင်လာအိုးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အလုပ်သမားနှစ်ဦးသေဆုံးပြီး အခြား ၂၅ ဦးဒဏ်ရာရရှိကြောင်း မေ ၁၆ ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။ ဆိုနီပက်ခရိုင် ခွန်းလီမြို့ ရှိ စက်ရုံတစ်ခုအတွင်း၌ မေ ၁၅ ရက်ညက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ညက စက်ရုံတစ်ခုအတွင်း ဘွိုင်လာအိုးတစ်ခု ပေါက်ကွဲမှုဖြစ်ပွားသောကြောင့် အလုပ်သမား ဒါဇင်နှင့်ချီပြီး ဒဏ်ရာရရှိကြောင်း၊ ဒဏ်ရရှိသူများကို ဆေးရုံသို့ ချက်ချင်းပို့ဆောင်ပေးခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုမှာ ပြင်းထန်သဖြင့် အနီးနားရှိ အဆောက်အအုံများလည်း ပျက်စီးခဲ့ရကြောင်း သိရသည်။ အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



# ဘရာဇီးနိုင်ငံ၌ ရေကြီးမှုကြောင့် သေဆုံးသူများပြားနေသည့်အတွက် ထိပ်တန်းဘောလုံး လိဂ်ပြိုင်ပွဲများကို ရပ်နားထား

**ရီယိုဒီဂျနေယီး မေ ၁၆**

ဘရာဇီးနိုင်ငံ၌ ပြင်းထန်သည့် ရေကြီးမှုကြောင့်ဘရာဇီးဘောလုံးအဖွဲ့ချုပ် (စီဘီအက်ဖ်)သည် နိုင်ငံ၏ ထိပ်တန်း လိဂ်ပြိုင်ပွဲများကို ရွှေ့ဆိုင်းထားကြောင်း သိရသည်။

ထိပ်တန်းကလပ်အသင်း ၂၀ အနက်မှ ၁၅ သင်းသည် ဘောလုံးရာသီ ခေတ္တရပ်နားရန် တောင်းဆိုမှုကို လက်ခံခဲ့ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က မေ ၁၅ ရက် နှောင်းပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ အားကစားနှင့် လူမှုအဖွဲ့အစည်း အတူယှဉ်တွဲနေသည်ကို မေ့လျော့၍ မရနိုင်သကဲ့သို့ ယခုလိုခက်ခဲသည့်ကာလတွင် ဘရာဇီးပြည်သူများနှင့် ခပ်ခွာခွာနေရန် မဖြစ်နိုင်ကြောင်း ကြေညာချက်တွင် ပါဝင်သည်။

ယခုကဲ့သို့ ဆိုင်းငံ့ထားမှုမှာ အခြားသောပြိုင်ပွဲများနှင့် သက်ဆိုင်ခြင်းမရှိဘဲ မေ ၂၈ ရက်မှ ယင်းအခြေအနေကို ရုပ်သိမ်းမည်ဟုသိရသည်။ မေ ၁၅ ရက် နံနက်ပိုင်းအထိ ဘရာဇီးနိုင်ငံတွင် ရေကြီးမှုကြောင့် သေဆုံးသူ ၁၄၉ ဦးရှိပြီး ၁၀၈ ဦးမှာ ပျောက်ဆုံးနေကာ ၆၀၀၀၀၀ ကျော် နေရပ်ရွှေ့ပြောင်းခဲ့ရသည်။ **ဆင်ဟွာ**


ဘရာဇီးနိုင်ငံ၌ ရေကြီးနေမှုကို တွေ့ရစဉ်။

# ဒီပဲယင်းမြို့၌ ဆွမ်းခံကြွနေသော သံဃာတော်တစ်ပါးကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သဖြင့် ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် မေ ၁၆**

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုး မြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်ကြသည့် ပြည်သူအချို့အား အကြောင်းပြချက်အမျိုးမျိုးဖြင့် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုကို ညှိုးနွမ်းစေရန် ဘုရား၊ စေတီ၊ ပုထိုးများအား Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ သံဃာတော်များအား လုပ်ကြံသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည်ကို ပြည်သူများ သိရှိပြီးဖြစ်သည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့ ကုန်းသာဦး ဘုန်းတော်ကြီးကျောင်းမှ ဘဒ္ဒန္တခေမာစာရ၊ သက်တော် ၅၀ နှစ်၊ ဝါတော် ၂၀ သည် မေ ၉ ရက် နံနက် ၇ နာရီခန့်တွင် မြို့တွင်းသို့ ဆွမ်းခံကြွရောက်စဉ် ချမ်းသာကြီးဘုရားအနီး အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားငါးဦးက မော်တော်ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး ဆွမ်းခံကြွနေသည့် ဆရာတော်အား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ထိုသို့ လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီပဲယင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်နေသည့် သံဃာတော်များအား အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ဒီပဲယင်းမြို့၌ ဆွမ်းခံကြွရောက်တော်မူသော သံဃာတော်တစ်ပါးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် နေရာပြပုံ။




# လက်ပံတန်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံတစ်ဦးကို သတ်ဖြတ်ခဲ့ပြီး ပြည်သူ ၃၀ အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရေငံကျေးရွာတွင် မေ ၁၅ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေငံကျေးရွာမှ ဒေသခံတစ်ဦးကို သတ်ဖြတ်ခဲ့ကာ ပြည်သူ ၃၀ ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေငံကျေးရွာမှ ဒေသခံတစ်ဦးကို သတ်ဖြတ်ခြင်းနှင့် ပြည်သူ ၃၀ ကို ဖမ်းဆီးခေါ်ဆောင်သွားသည်မှာ မှန်ကန်မှုမရှိကြောင်း၊ ၎င်းရက်နေ့တွင် ရေငံကျေးရွာနှင့် အနီးဝန်းကျင်များတွင် အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခြင်းမရှိဘဲ မေ ၁၃ ရက်က ရေငံကျေးရွာနှင့် ထန်းတောကျေးရွာ ကျေးရွာချင်းဆက်လမ်းပေါ်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ရန် ဆောင်ရွက်နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ ထိခိုက်မှုမရှိစေရန်အတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများစွာဖြင့် ထွက်ပြေးသွားခဲ့သည်။




ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အကြမ်းဖက်သမားများ မိုင်းထောင်နေသည့် နေရာအား ရှင်းလင်းခဲ့ရာ လက်လုပ်မိုင်း သုံးလုံး၊ ဝိုင်ယာကြိုးသုံးခွေနှင့် ဘက်ထရီအိုး နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ထန်းတောကျေးရွာအနီးမှ ဖုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေသော အကြမ်းဖက်သမား အလောင်းနှစ်လောင်းနှင့်အတူ လက်လုပ်မိုင်းများ၊ ဖောက်ခွဲရေး ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် တပ်မတော်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မြေပြင်အခြေအနေနှင့် လွဲမှားနေသည့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြင်းခြံမြို့နယ် ရွာရှည်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူ ငါးဦးကိုပါ သတ်ဖြတ်ခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁၆**


မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရွာရှည်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၁၄ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူ ငါးဦးကိုပါ သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်များတွင် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မြင်းခြံမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၁၄ ရက်တွင် ရွာရှည်ကျေးရွာအနီးသို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီး၊ လက်လုပ်လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ထိရောက်သော တန်ပြန်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် ရွာရှည်ကျေးရွာအတွင်းသို့ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သမား အလောင်းတစ်လောင်း၊ လက်လုပ်လက်နက်ကြီး သုံးလက်နှင့် လက်နက်ငယ်နှစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သမားများနှင့်တိုက်ပွဲဖြစ်ပွားစဉ်တွင် ၎င်းတို့၏ လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ရွာရှည်ကျေးရွာအတွင်းသို့ ကျရောက်ခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်လုပ်ကြံရေးသားထားသည့် သတင်းအမှားများသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# ပြင်ဦးလွင်မြို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူပွဲကျင်းပ

**ပြင်ဦးလွင် မေ ၁၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြင်ဦးလွင်မြို့နယ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် လွတ်လပ်ရေးကျောက်တိုင်ကွင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ၊ အလယ်တန်း ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာကို စိုက်ထူကြသည်။ ထို့နောက် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါက်တာရွှေစင်အိ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက မြေစိုက်ပိုစတာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲ အထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သွေးသွေး(ပြန်/ဆက်)**



# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ မြို့ရှောင်လမ်း မြေနီကုန်းကားကြီးဝင်းအနီး၌ မော်လမြိုင်မြို့မှ သထုံမြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Lactasoy ပဲနို့ဘူး ၇၂၀၀၊ ပုစွန်နှစ်ကောင်စားအုန်းဆီတစ်လီတာပါ ဘူး ၈၄၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Atlas Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် KAZU Lead Acid Battery အလုံး ၂၀၀၊ Solar Pannel အခု ၉၅၀၊ Yuanda တံဆိပ် ခတ်လှေကားအပိုပစ္စည်း နှစ်ခု အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၄၃၂၈၄၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၃၃ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် FAW Baling Truck (Without Body) သုံးစီး၊ အိန္ဒိယနိုင်ငံထုတ် ဆေးဝါး Caine Bupivacaine Injection ထုံဆေးဘူး ၄၃၀၀နှင့် Blue Diamond ချည်မျှင် ၂၇၂၄၀ ကီလိုဂရမ်၊ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၇၄၀၉၁၈)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဗီယက်နမ်နိုင်ငံထုတ် SAILUN ကားတာယာ ၁၀၂ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၁၃၆၉၁၁၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၀ ဒသမ ၆၃၁တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၁၃၀၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဆံပင်အတု ၁၀၂၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၅၂၀၀၀) နှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) နှင့် မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Apple Tissue ၄၀၅၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ ဆီသယ်ယာဉ် သုံးစီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၈၇၄၄ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၀၈၄၇၉၃) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Dong Feng ဆီသယ်ယာဉ် တစ်စီး၊ Nissan Diesel ဆီသယ်ယာဉ် တစ်စီး၊ Hoyun Tractor Head တစ်စီးနှင့် ဆီသယ်နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂၃၅၇၃၀၉၃ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာအမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၃၉၂၄၁၁)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

## နေ့အပူချိန်မြင့်မားသောစခန်းများ၏ ၁၆-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံး နေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၆.၆ | ၁၁၅.၉ |
| ၂။ | မြင်းမူ | ၄၅.၅ | ၁၁၃.၉ |
| ၃။ | မကွေး | ၄၅.၄ | ၁၁၃.၇ |
| ၄။ | တံတားဦး (လေကြောင်း မိုးလေဝသ) | ၄၅.၃ | ၁၁၃.၅ |
| ၅။ | စစ်ကိုင်း | ၄၅.၂ | ၁၁၃.၄ |
| ၆။ | မြင်းခြံ | ၄၅.၂ | ၁၁၃.၄ |
| ၇။ | ရွှေဘို | ၄၅.၀ | ၁၁၃.၀ |
| ၈။ | ညောင်ဦး | ၄၅.၀ | ၁၁၃.၀ |
| ၉။ | မင်းဘူး | ၄၅.၀ | ၁၁၃.၀ |
| ၁၀။ | အောင်လံ | ၄၅.၀ | ၁၁၃.၀ |
| ၁၁။ | တောင်တွင်းကြီး | ၄၅.၀ | ၁၁၃.၀ |

## နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၁၆-၅-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | နေပြည်တော် | ၄၁.၂ | ၁၀၆.၂ |
| ၂။ | ရန်ကုန် | ၄၀.၅ | ၁၀၄.၉ |
| ၃။ | မန္တလေး | ၄၄.၅ | ၁၁၂.၁ |



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းသူနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မေ ၁၅ ရက်တွင် သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ အင်တော (ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၁၅ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Swe Win Oo” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ရှောလီဝိုင်းရပ်ကွက်နေ ဆွေဝင်း(ခ)ကိုဆွေ(ခ)ကိုကိုလေးအား မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်ကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မဲနယ်တောင်တန်းပေါ်မှ ဖွံ့ဖြိုးရေးလမ်းကြွန်ရက်များ ( ၁ )

ဝထကလသ(နတလ)



မဲနယ်တောင်တန်းဒေသ လွယ်မိုင်းတောင်နှင့် တိမ်ပင်လယ်ရှုခင်း။

- ❖ ယခုအချိန်တွင်မူ မဲနယ်တောင်တန်းဒေသ၌ အဟောင်းအဟောင်းတို့နေရာတွင် အသစ်အသစ်တို့ ဖြစ်တည်တိုးတက်ဖွံ့ဖြိုးလျက် ရှိနေပေပြီ။ ဖြစ်တည်လာသော အသစ်တို့သည် သပ်ရပ်သစ်လွင်မှု၊ ခိုင်ခံ့မှုတို့ဖြင့် ဒေသကို အလှဆင်လျက်ရှိနေပေပြီ။ ငြိမ်းချမ်းရေး၏ အကျိုးများပင်တည်း
- ❖ ဤမဲနယ်တောင်ကြောသည် တစ်ချိန်တုန်းက ဘိန်းစိုက်ခင်းများ များစွာရှိခဲ့ဖူးပါသည်။ ယခုအချိန်တွင်မူ "ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အစားထိုးစီမံကိန်း" များ အကောင်အထည်ဖော်ပေးမှုကြောင့် "ထောပတ်ပင်၊ သနပ်ပင်၊ လက်ဖက်ပင်နှင့် အခြားသီးပင်စားပင်များ စိုက်ပျိုးအောင်မြင်ကြသည်မို့ ကြည့်လေရာရာ စိမ်းစိုလန်းဆန်းလျက် အလွန်လှပသာယာသော တောင်ကြောကြီး ဖြစ်၍နေပေပြီ"

မတ်စောက်မြင့်ခေါင် ၊ ကျောက်ချွန်တောင်သည်
ပြာမှောင်မည်းဘိ ၊ ထည်လွန်းဘိ
ဖြူအိဆွတ်လွ ၊ ငွေပြားချသို့
နှင်းစဆောင်းအုပ် ၊ ထွတ်ခေါင်းချုပ်နေ
ဤမြေတောတွင် ၊ သင်ဘုရင်။ ။

**ထီလာစစ်သူ**

**လွယ်မိုင်းတောင်**

"လွယ်မိုင်းတောင်" သည် မဲနယ်တောင်ကြောတွင်တည်ရှိ၏။ ၈၂၆၃ ပေမြင့်၏။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၈၀၀၀ ကျော်မြင့်သောတောင်တန်းဖြစ်သည်နှင့်အညီ မြူခိုးတွေ၊ နှင်းဝေဝေတွေ အမြဲမှိုင်းဝေအုပ်ဆိုင်း အလှဆင်နေတတ်သည်။ ဤတောင်ထိပ်၌ ဆောင်းတွင်းကာလတွင် တောင်ဇလပ်နီနီများလည်း လှပခမ်းနားစွာပွင့်လေ့ရှိသည်။ တိမ်တွေ အဆုပ်လိုက် အဆုပ်လိုက် ပုံသဏ္ဌာန်မျိုးစုံနှင့် ရွေ့လျားနေသည့် တိမ်ပင်လယ်များက အပြည့်နေရာယူတတ်ပြန်သည်။

တကယ်တော့ ရှမ်းဘာသာ "လွယ်မဲ့င်း"ကို မြန်မာဘာသာအသံထွက်ဖြင့် "လွယ်မိုင်း"ခေါ်ခြင်းဖြစ်သည်။ ပအိုဝ်းဘာသာဖြင့်မူ "မဲ့င်းကောင်" (မိုင်းကောင်) ဟု ခေါ်ပါသည်။ ရှမ်းဘာသာဖြင့် "လွယ်" ဆိုသည်က "တောင်"၊ "မိုင်း" ဆိုသည်က "တစ်သီးတစ်သန့်၊ ထီးထီးဖြစ်သော" ဖြစ်သည်။ ထို့ကြောင့် မဲနယ်တောင်တန်းပေါ်ရှိ "တစ်ကိုယ်တည်း ထီးထီးရှိနေသောတောင်" ဟု အဓိပ္ပာယ်ရပေလိမ့်မည်။

**တောင်နှင့်မြောက်လမ်းနှစ်သွယ်**

တောင်ကြီး - ဟိုပုံး - မိုင်းပွန် - လွိုင်လင်ပြည်ထောင်စုကားလမ်းမကြီးသည် အနောက်မှအရှေ့သို့ အစဉ်အတိုင်း တည်ရှိနေသည်။ ထိုလမ်းမကြီးမှာ မဲနယ်တောင်ကြောဒေသ၏ မြောက်ဘက်နယ်နိမိတ်ဖြစ်၏။ လမ်းမကြီးမှသည် မဲနယ်တောင်တန်း တောင်ကြောများဆီသို့ တောင်နှင့်မြောက် သွယ်တန်းဖြတ်ကျော် ကွန်ရက်ယှက်နွယ်၍ လမ်းနှစ်သွယ် ဆက်သွယ်ထားသည်။ မဲနယ်တောင်တန်းနှင့်လွယ်မောတောင်တန်းတို့သည်ကားတစ်ဆက်တည်းရှိနေသည့် ညီနောင်တောင်တန်းများပင်ဖြစ်၏။ မဲနယ်တောင်တန်းဒေသသည် အရှေ့ဘက်တွင် ပွန်ချောင်း၊ အလယ်တွင် မဲနယ်တောင်ကြော၊ လွယ်မောတောင်ကြောနှင့် အနောက်ဘက်တွင် ဟိုပုံး-ဆီဆိုင်ကားလမ်းတို့အတွင်းဝယ် တည်ရှိနေပါသည်။

**ပထမလမ်းကြောင်း**

မဲနယ်တောင်ကြောသို့ ဖြတ်ကျော်သည့်လမ်းကြောင်းတစ်ခုမှာ ရွာသစ်- ခိုခြံ- စငေါ်- စံဖူး- ကျောက္ကချား - နောင်ခုံ - ပချားကလို့ - ပန်လဲ- နားအွန်း- ဖက်နမ် စသည့်ကျေးရွာများသို့ဖြတ်သန်းဆက်သွယ်ထားသည့် လမ်းကြောင်းဖြစ်သည်။

ဟိုပုံးဘက်မှ ထန်ဆန်းဂူသို့လာလျှင် ကိုရင်လေးကျောင်းကို ဖြတ်ရသည်။ ထို့နောက် "ဖွားကောင်းစံ" ကြက်ကင်ဆိုင်ကို ရောက်သည်။ ထိုနေရာမှ "ရွာသစ်" ဆိုသောနေရာတွင် မဲနယ်တောင်ကြောဘက်သို့ ဝင်ရောက်သည့်လမ်းကြောင်း ရှိပါသည်။

**ကမ္ဘာကျော်ရွာလေးများတည်ရှိ**

ဤလမ်းကြောင်းပေါ်တွင် နာမည်ကျော်ကြားလှပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် ကျေးရွာလေးများက လက်ညှိုးထိုးမလွဲ တည်ရှိနေပါ၏။

ပအိုဝ်းရိုးရာ ပျဉ်ထောင်အိမ်လေးများနှင့် သွပ်မိုးဟောင်းလေးများသည် **ကျောက္ကချား** တစ်ရွာလုံးလိုလို ဆင်တူတည်ရှိနေသည်။ ထိုသို့ရိုးရှင်းစွာ ခမ်းနားလှပနေသည့် မြင်ကွင်းများကြောင့် **ကျောက္ကချားရွာ**သည်လည်း နာမည်ကြီးလှပါသည်။ ထို**ကျောက္ကချား**တွင် နှစ်ရာချီသက်တမ်းရှိသော ရှေးဟောင်းအငွေ့အသက်အပြည့်နှင့် နမ့်ဟုတ်ဘုန်းတော်ကြီးကျောင်းရှိပါသည်။

ထိုမှ ဆက်သွားလျှင် **စံဖူးရွာ**သို့ ရောက်၏။ စံဖူးရွာတွင် မူလတန်းကျောင်းလေးတစ်ကျောင်းရှိသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်(ဟောင်း) Mr. Ban Ki-moon (ဘန်ကီမွန်း) ထိုစံဖူးရွာစာသင်ကျောင်းလေးသို့ ၂၀၁၄ ခုနှစ်က ရောက်ရှိခဲ့ပါသည်။ သူသည် ထိုကျောင်းလေးတွင် ဘိန်းစိုက်ပျိုးမှုတိုက်ဖျက်ရေးအခမ်းအနားကျင်းပခဲ့ပြီး အမှတ်တရနှစ်ရှည်သစ်ပင်များ စိုက်ပျိုးသွားခဲ့ပါသေးသည်။ ယနေ့တိုင် ရှင်သန်နေဆဲဖြစ်၏။ ထိုမည်သောစာသင်ကျောင်းလေး၏ အရှေ့ဘက်တွင်မူ "လွယ်မိုင်းတောင်" က မိုးမိုးမတ်မတ်နှင့် ထီးထီးတည်ရှိနေပါသည်။

တစ်ဖန် စံဖူးမှ ဆက်သွားလျှင် **စငေါ်**ကို ဖြတ်သန်းရသည်။ ပအိုဝ်းစကားဖြင့် **"စငေါ်"** ၏ အဓိပ္ပာယ်မှာ "ရင်ခုန်စိတ်လှုပ်ရှားစေသောအရပ်" ဟုပင်ဖြစ်သည်။ **စငေါ်**တွင် View Point ရှိသည်။ ထိုအရပ်အား အပေါ်စီးမှကြည့်လျှင် မဲနယ်တောင်ကြောမှ စီးဆင်းလာသော စိမ့်စမ်းရေချောင်းလေးများ၊ စိမ်းလန်းသောတောင်ကြားများ၊ လယ်ကွင်းအကန့်အကွက်လေးများ၊ ပအိုဝ်းရိုးရာနေအိမ်လေးများနှင့် ဒေသ၏ လှပမှုကို ရင်သပ်ရှုမောဖွယ် မြင်နေရသည်။ ရှုခင်းများ တော်တော်လှသည့် ကြည်နူးဖွယ် ရွာလေးပင်တည်း။

ဤရွာလေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုဖြစ်သော မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးခဲ့ပါသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စငေါ်ကျေးရွာ၌ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ (၃၃/၁၁)ကေဗွီ၊ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပေးခဲ့သည်။ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးဖြစ်သော်လည်း ဓာတ်အားလိုင်းများ မဆွဲရသေး၍ မီးအလင်းရောင်ရရှိရန် အချိန်စောင့်ရပေဦးမည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိုသို့ ဒေသမီးလင်းရေးအတွက်မြေပြင်တွင်

*စာမျက်နှာ ၁၇ သို့*



ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသ နတ်စင်- ပါခက်- ပန်ကလ (၃/၁)မိုင်လမ်းပေါ်ရှိ ၂၀ ပေ ကွန်ကရစ်တံတားတစ်စင်း ဆောင်ရွက်ပြီးစီးမှုအား တွေ့မြင်ရစဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာနက မဲနယ်တောင်တန်းဒေသ၊ ကျောက္ကချား- နတ်စင်- ပန်ကလ လမ်းပေါ်တွင် ဆောင်ရွက်ထားရှိသည့် မြောင်းကူးတံတားများ။



နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် မဲနယ်တောင်တန်းဒေသ၊ လပ်တိုင်-ပင်အွန် လမ်းပိုင်းတစ်နေရာ။



နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် မဲနယ်တောင်တန်းဒေသ၊ ကျောက္ကချား ကျေးရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပြီးစီးမှု။

*စာမျက်နှာ ၁၆ မှ*

လိုအပ်သည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းအစား ၁၁ ကေဗွီဓာတ်အားလိုင်းဖြင့် ပြောင်းလဲတည်ဆောက်ပေးခြင်းအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၀ ဒသမ ၄ မိုင်နှင့် ၄၀၀ ဗွီ ဓာတ်အားလိုင်း ၁၈ ဒသမ ၅ မိုင်အထိ တိုးချဲ့သွယ်တန်းပေးနိုင်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခင်တွက်ချက်မှုအရ ကျေးရွာ ၁၄ ရွာသာ လျှပ်စစ်ဓာတ်အားရရှိနိုင်မည်ဖြစ်သော်လည်း ယခုအခါ မဲနယ်တောင်တန်းဒေသရှိ စငေါကျေးရွာအုပ်စုနှင့် စံဖူးကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၂၀ မှာ အမှောင်ခွင်းသည့် အလင်းရောင်များဖြင့် ထိန်ထိန်လင်းခဲ့ပေပြီ။ ဒေသခံများ အလွန်ပျော်ရွှင်ဝမ်းမြောက်ခဲ့ကြရပါသည်။

**ဒုတိယလမ်းကြောင်း**

မဲနယ်တောင်ကြောပေါ်မှ ဒုတိယတောင်ကြောလမ်းမှာ ထန်ဆန်းဂူကျော်သွားပြီးနောက် မိုင်းပွန်မြို့မရောက်မီ "ဟွေ့ရေခေါက်" ဟူသော ရွာလေးရှိသည်။ ထိုနေရာကမှစ၍ တောင်ကြောလမ်းပေါ် စတက်ရသည်။ တောင်ကြောလမ်းတစ်လျှောက် ဟွေ့ရေခေါက်၊ ဖွေလုံ၊ ဖက်ရမ်းလေး၊ ပင်လုံ၊ ဖက်ရမ်းကြီး၊ ဒုံလီတန်၊ နောင်လိုင်၊ ဝမ့်စောင်း၊ နားလုံ၊ မူဖိတ်၊ ဟိုင်းနွဲ့၊ သီဟိုး၊ ပန်ဟိုင်း၊ ဝမ်တီး၊ နားခိုက်၊ လပ်တိုင်ရွာများ အစဉ်လိုက်တည်ရှိနေသည်။

ဖော်ပြပါ လမ်းနှစ်သွယ်ကို "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန"မှ ဆောင်ရွက်ပေးခဲ့သည့် လပ်တိုင်-ပင်အွန် ဖွံ့ဖြိုးရေးကတ္တရာလမ်းက တောင်ဘက်နယ်နိမိတ်အဖြစ် အနားသတ်ထားပါသည်။

**ပြည်ထောင်စုဝန်ကြီးခရီးစဉ်**

မဲနယ်တောင်တန်းဒေသတွင် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဲနယ်တောင်တန်းဒေသသို့ ၁၃-၁၂-၂၀၂၃ ရက်နေ့တွင် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ အဆိုပါခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလည်းပါရှိ၏။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ မဲနယ်တောင်ကြောဒေသသို့ ဝင်ရောက်သည့် လမ်းကြောင်းမှာ ရွာသစ်- ခိုခြံ- စငေါ- စံဖူး- ကျောက္ကချား- နောင်ခုံ- ပချားကလို့- ပန်လဲ- နားအွန်း- ဖက်နမ် စသည့် ကျေးရွာများသို့ ဆက်သွယ်သည့် လမ်းကြောင်းအတိုင်း ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှေးဦးစွာ ကောင်းကလွန်း-လွယ်မိုင်းတောင် (ပွိုင့် ၈၂၆၃) နှစ်မိုင် ခြောက်ဖာလုံ မြေလမ်းသစ်ဖောက်လုပ်ခြင်းနှင့် မြောင်းကူးတံတား လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပါသည်။ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

**"ဇွန်" မိုးသည်းနှင့်အတူ**

လွယ်မိုင်းတောင်ပေါ်လုပ်ငန်းခွင်မှ ဒေသတစ်ခုလုံး၏ ရှုမျှော်ခင်းများကို ငေးကြည့်ရင်း အတိတ်ကဖြစ်စဉ်တစ်ခုကို သတိရမိသည်။

ဤလွယ်မိုင်းတောင်ကြော၌ပင် မြန်မာ့လေကြောင်း လေယာဉ်ပျက်ကျမှု နာမည်ကျော်ဖြစ်စဉ်တစ်ခု ဖြစ်ခဲ့ဖူးပါသည်။ ၁၉၈၇ ခုနှစ် ဇွန်လ ၂၁ ရက်နေ့က ဖြစ်ပါသည်။ ယခုဆို နှစ်ပေါင်း ၃၆ နှစ် ကျော်ခဲ့လေပြီ။

ထိုနေ့က တစ်နေကုန် မဲနယ်တောင်တစ်ကြောလုံးတွင် မိုးတွေက သဲသဲမဲမဲ ရွာနေ၏။ မိုးတွေမည်းမှောင်လွန်းသဖြင့် ရွာလေး၏အရှေ့ဘက်က လွယ်မိုင်းတောင်မြင်ကွင်းသည် မိုးမြူတွေထဲ၌ ပျောက်ကွယ်နေသည်။ ညနေပိုင်း၌ "အုန်းခနဲ" မည်သံကိုတော့ တစ်ရွာလုံးကြားလိုက်ရသည်ဟု ဆိုပါသည်။ ဒေသခံများလည်း ခါတိုင်းကဲ့သို့ပင် တောင်ပေါ်ဒေသမို့ မိုးကြိုးပစ်သည်ဟု ထင်နေကြသည်။

